# သခင့်စကား

The LORD's Word

ဝိညာဉ်ရေး ရာစာစောင်

နားထောင်ကြ မြတ်သောစကားကို ငါပြောမည်။
မှန်သောတရားစကားကို ငါနှုတ်မြွက်မည်။ သုတ္တံ ၈း၆

အမှတ်စဉ် (၈၀) ဧပြီလ ၂၀၀၈ ခုနှစ် ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )


## ဈေးဝယ်လိုင်စင်



လာနော် အစ်ကို ၊ ငရုတ်ထောင်းမှုန့်
အိမ်မှာလှော်ရင် ဘေးအိမ်တွေ ကလော်တုတ်မယ်
ဒီမှာဝယ်သွား ဈေးမများဘူး တဲ့ ။
လာနော် အစ်ကို နိုင်ငံခြားဖြစ် ရေစစ်
သံဈေး ပိုးမွှား အကုန် စစ်ထုတ်နိုင်တယ်
ကြိုတုံးဝယ်သွား ဈေးမများဘူး တဲ့ ။
လာနော် အစ်ကို ဆယ်စောင်တွဲ ထောင့်ငါးရာ
သိန်းငါးရာဖိုး ပေါက်ရင် သိန်းတစ်ထောင် အပိုဆု ရမယ်
ထီဆိုင်က ကညာလှိုင် ဈေးပြိုင်ခေါ်နေပုံက
ဆုံတုံးဝယ်သွား ဈေးမများဘူး တဲ့ ။
လာနော် အစ်ကို ၊ မွေးမြူရေး ကြက်
ဆီနဲ့ဘဲ ကြော်ကြော် ၊ ရေကျန်ဘဲ ချက်ချက်
အလေး မခိုး ၊ ရေ မထိုးထားလို့
ရောက်တုံးဝယ်သွား ဈေးမများဘူး တဲ့။



လမ်းဘေးဈေးတွင်း ခြေရာချင်းထပ် ဈေးဝယ်နေခိုက်
ရင်မှာလှပ်လှပ် ခေါင်းမူးမိုက်၍
ဈေး အထွက်ဂိတ် ညောင်ပင်ရိပ်က
ဝါးထရံကျဲကာ သွပ်မိုးဖာနဲ့ ဆေးခန်းလေးမှာ
ငွေနှစ်ထောင်ဖိုး အရေးပေါ် ဆေးစစ်ကြည့်တော့
အမ်ဘီဘီအက်စ် ဒေါက်တာသွက် က
မယ်ဒီကယ်ချက်ကပ် (Medical check up) နှုတ်ပါးစပ်နဲ့
"ဩော် ညီလေး မင်းအသက်ငယ်ငယ်လေးနဲ့ သွေးတွေသိပ်တိုးနေတယ်"တဲ့။
ဟုတ်ကဲ့ဒေါက်တာ တလက်စတည်း သွေးကျဆေးပါ ညွှန်ပေးပါဆိုတော့
ကောင်းပြီ ညီလေး နောက်နေ့ ဈေးထွက်ဝယ်ရင်
မင်းရဲ့အမေအို ဒါမှမဟုတ် မင်းရဲ့အိမ်ရှင်မ တွေကိုဘဲ ဝယ်ခိုင်း
မင်းကိုယ်တိုင်က အိမ်ဦးခန်းမှာ လက်ဘက်ရည်ကြမ်းနဲ့
ကျမ်းစာသာ နာနာဖတ် ဒါမှမဟုတ် တရားသာ နာနာမှတ်ပြီး
ဘုရားသခင်ရဲ့ နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာရှာ
လိုတာတွေအတွက် နောင်မှ ပေးမှာကို ဦးနှောက်ထဲမှာ မက
နှလုံးသားတွင်းမှာ နေရာချ ၊ သွေးတိုး မုချ ပျောက်မည်မှတ် တဲ့ ၊
အဲဒီနေ့က စ ၊ ကျွန်တော့် ဈေးဝယ်လိုင်စင် အသိမ်းခံရ
ဟုတ်ကဲ့ ဒေါက်တာ ကျေးဇူးပါခင်ဗျာ ။ ။



**မင်းအောင်သက်လွင်**

---

## မြတ်သောအရှင်



အရှင်–အရှင့်အကြောင်း၊ သုခမိန်အပေါင်းတို့
ဖွဲ့နွဲ့ရေးသီ၊ နှိုင်းမမှီနိုင်ပါဘူး။
အရှင့်သဏ္ဍာန် ကဝိသမိန်တို့
မည်သို့ဆစ်ခြေ နိုင်းမယှဉ်သာပါဘူး၊
အရှင် – အရှင့် သားငယ်
လူမမယ် မှာတော့ အရှင့်အကြောင်း
စာဆို မကောင်းလည်း ၊အရှင့် သဏ္ဍာန်
ဆေးချယ်ရန် မတန်လည်း
ပြောဆိုကျင့်ကြံ ပြုမူရာတွင်
ကားတိုင်ကိုထမ်း သခင့်ခြေရာလမ်း
အရှင့်ဂုဏ်ရည် ရေးဖွဲ့သီကာ
အရှင့်ရုပ်ရည် ဆေးချယ်မည်။ ။



**Samuel Soe Lwin** (ကလေးမြို့)
(အလိုတော်သို့ လိုက်ခြင်းသည် ယဇ်မျိုးထက် သာ၍ ကောင်း၏–၁ရာ၁၅း၂၂)

## မရှိ ထဲက ရှိ

တိုးတက်တဲ့ စင်ကာပူနိုင်ငံမှာ
ဘဝရှေ့ရေးအတွက် အလုပ်တွေ တကုပ်ကုပ်
ကြိုးစားလုပ်နေလည်း . . . .
ငါ့အတွက် စီးစရာ ကား မရှိ၊ နေစရာ အိမ် မရှိ၊
ဝယ်စရာ ပိုက်ဆံ မရှိ၊ ပြောစရာ ဟန်းဖုန်း မရှိ၊
ပေါင်းစရာ မိန်းမ မရှိ၊ ချစ်စရာ သားလေး မရှိ၊
ဆိုးစရာ မိဘ မရှိ၊ ခင်စရာ ဆွေမျိုး မရှိ၊
ခေါ်စရာ သူငယ်ချင်း မရှိ၊ မရှိ – မရှိ – မရှိ . . .
အဲဒီ မရှိ တာတွေကို ဘုရားဆီမှာ တောင်းဖို့
ဘုရားကျောင်းလေး ရှိတာ တော်ပါသေးတယ်။ ။

**(မင်းထွန်းသက်လွင်)**

---

## ဆုတောင်းခြင်းနှင့်ဝိညာဉ်တိုက်ပွဲ (အန်ဒရူး)

အဓိကကျမ်းချက်။ (ယော၊၁၄း၁၄)

"သင်တို့သည် ငါ၏နာမကို အမှီပြု၍ တစုံတခုသော ဆုကို တောင်းလျှင်၊ တောင်းသည့် အတိုင်း ငါပြုမည် (ယော၊၁၄း၁၄)"

ခရစ်တော်ထံ အခြားသော သူများ ကို ပို့ဆောင်ခြင်းနှင့် ပျောက်ဆုံး ဝိညာဉ် များကို ရရှိခြင်းသည် စိတ် လှုပ်ရှားဘွယ်သော အကြောင်းအရာ ဖြစ်သည်။ သို့သော် ဤအရာကား စာတန်နှင့် သူ၏ မှောင်မိုက်တန်ခိုး များနှင့် တိုက်ရိုက် ရင်ဆိုင် တိုက်ခိုက်ခြင်း ဖြစ်သည်။ ခရစ်တော်အတွက် ရရှိသော ဝိညာဉ် တိုင်းအတွက် ဝိညာဉ်တခုစီကို စာတန်၏ လက်ထဲမှ ပြန်လည် နှုတ်ယူ ရခြင်းဖြစ်သည်။ ဤအကြောင်းအရာကြောင့် ကျွန်ုပ်တို့ကို စာတန် သည် တိုက်ခိုက်ပေလိမ့်မည်။

သင်သည် ဝိညာဉ်ရေးရာတိုက်ပွဲတွင် ပါဝင်နေကြောင်းကို သိမြင်နားလည်ခြင်း မရှိသေးလျှင် ခရစ်ယာန်အသက်တာ၏အကြောင်းအရာများကို ဘယ်သောအခါမျှ နားလည်ခြင်း ရှိလိမ့်မည်မဟုတ်ပါ။ တိုက်ပွဲတွင် နိုင်ငံနှစ်နိုင်ငံ ပါဝင်သည်။ ဘုရားသခင်၏နိုင်ငံနှင့် စာတန်၏နိုင်ငံ တို့ဖြစ်သည်။ တိုက်ပွဲသည် လူ၏ဝိညာဉ်အတွက်ကြောင့် ဖြစ်သည်။ တိုက်ပွဲ၏ ကဏ္ဍတစ်ခုတွင် ကျွန်ုပ်တို့ ပါဝင်ပါသလား။ အမှန်ပါဝင်ကြသည်။ ကျွန်ုပ်၏ ကဏ္ဍ သည် စစ်သားတယောက် အဖြစ်နှင့် စာတန်ကို ဆန့်ကျင်တိုက်ခိုက်ရာတွင် ဘုရားက အသုံးပြုနိုင်ရန်ဖြစ်သည်။ စာတန်ကို တိုက်ပွဲဝင်ရာတွင် ကျွန်ုပ်တို့ မည်သည့်လက်နက်ကို အသုံးပြုပါသနည်း။ ကျွန်ုပ်တို့ ဝိညာဉ်ဆိုင်ရာ လက်နက်များကို အသုံးပြုပါသည်။ ဘုရားပေးသော အကြီးဆုံးလက်နက်ကား ဆုတောင်းခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဆုတောင်းခြင်းသည် ဘုရား၏တန်ခိုးကို ထွက်စေသည်။ ကျွန်ုပ်တို့ ဆုတောင်းစဉ် ဘုရားသခင်လှုပ်ရှားတော်မူ၏။

ဘုရားသခင်က "ငါ့ကိုခေါ်လော့။ ငါထူးမည်။ ကြီးသောအရာ သင် မသိနိုင်အောင် နက်နဲသောအရာတို့ကို ငါပြမည် "ဟု မိန့် တော်မူ၏။ (ယေ၊၃၃း၃) ကျွန်ုပ်တို့ဆုတောင်းရမည်။ ဆုတောင်းခြင်း မရှိလျှင်ခရစ်ယာန်အသက်တာ ကို ရိုးသားစွာ အသက်ရှင်၍ မရပါ။ ဆုတောင်းခြင်း ဖြင့်သာ ဘုရားသခင် နှင့် ရင်းနှီး ကျွမ်းဝင်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ လိုအပ်သော အရာများကို ဆုတောင်းခြင်းဖြင့် ရရှိသည်။



အခြားသော သူများအတွက် ကိုယ်စားပြု လျှောက်လဲပြောဆိုခြင်း အမှုကို ဆုတောင်းခြင်း ဖြင့်ပြုနိုင်သည်။ ဆုတောင်းခြင်းဖြင့် စာတန်၏ တန်ခိုးကို ချည်နှောင်ခြင်း ပြုလုပ်သည်။ ဤသင်ခန်းစာ၌ စာတန်ကို တိုက် ပွဲ ဝင်ရာတွင် ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများကို အ ဘယ်ကဲ့သို့ အသုံးပြုနေကြောင်းကို သင်သိမြင်နားလည်ရန် ဖြစ်သည်။ သို့သော် ပထမ ဦးစွာ ဆုတောင်းခြင်းဆိုင်ရာ အချို့သော အရေးကြီးသော အချက်များကို စဉ်းစားကြမည်။

*ဆုတောင်းခြင်းကားအဘယ်နည်း။*

ဆုတောင်းခြင်းသည် ဘုရားနှင့် စကားပြောခြင်း ဖြစ်သည်။ ဆုတောင်းခြင်းသည် ဘာသာရေး ထုံးတမ်းစဉ်လာပြုခြင်းနှင့် အများပြည်သူ အရှေ့တွင် ပြုမူလုပ်ဆောင်ခြင်း သက်သက်သါ မဟုတ်ပါ။ ၎င်းသည် သင်နှင့် ဘုရားသခင်တို့အကြား ပုဂ္ဂိုလ်ရေးဆိုင်ရာ အကြောင်းအရာ သာဖြစ်သည်။

သခင်ယေရှုက "သင်သည် ဆုတောင်းသောအခါ ဆိတ်ညံရာ အခန်းသို့ ဝင်၍ တံခါးကို ပိတ်ပြီးမှ၊ မထင်ရှားသော အရပ်၌ ရှိတော်မူသော သင်၏အဘကို ဆုတောင်းလော့။ မထင်ရှားသော အရာကို မြင်တော်မူသော သင်၏အဘသည် အကျိုးကို ထင်ရှားစွာ ပေးတော်မူလတ္တံ့။" လို့ဆိုထားပါတယ်။ သခင် ယေရှုက ကျွန်ုပ်တို့အား "သင်တို့သည် ဆုတောင်းသောအခါ သာသနာပ လူ နည်းတူ အချည်းနှီးသော စကားဖြင့် အထပ်ထပ် မမြွက်ကြနှင့် "ဟု ဆို၏။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများသည် ရိုးသားခြင်းနှင့် နှလုံးသား ထဲမှ လာခြင်းဖြစ်ရမည်။

*မည်သူ့ ထံကျွန်ုပ်တို့ဆုတောင်းကြမည်နည်း*

အဘ ခမည်းတော် ဘုရားသခင်ထံ ဆုတောင်းခြင်းဖြစ်သည်။ သခင်ယေရှုက "ထို့ကြောင့် သင်တို့ ဆုတောင်းရမည်မှာ ကောင်းကင်ဘုံ၌ ရှိတော်မူသော အကျွန်ုပ်တို့အဘ ဟုဆို၏။ (မ၊၆း၉)"

ဘုရားသခင်ထံ အဖေတစ်ဦးအနေဖြင့် လူတိုင်း ဆုတောင်း နိုင်ပါသလား။ မရနိုင်ပါ။ ဘုရားသခင်၏ မိသားစုထဲမှာ ရှိသော သူများသာလျှင် ဘုရားကို အဘ ဟုခေါ်နိုင်သည်။ ကယ်တင်ခြင်း မရသေးသော သူတဦး၏ အပြစ် ခွင့်လွှတ်ခြင်းသို့ ရောက်ရန် ဆု တောင်းခြင်း တခုတည်းကိုသာလျှင် ဘုရားက နားညောင်းပေလိမ့်မည်။ ကယ်တင်ခြင်း မရသောသူထံမှ ဤဆုတောင်းချက်ကို ဘုရားသခင်သည် အစဉ်အမြဲ နားညောင်းတော်မူသည်။

*ယေရှု၏နာမ၌ကျွန်ုပ်တို့ဆုတောင်းရမည်*


ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများကို အဖြေရရှိလိုသော် ယေရှု၏ နာမ ၌ ကျွန်ုပ်တို့ ဆုတောင်းရမည်။ သခင်ယေရှုက "ငါအမှန် အကန် ဆိုသည်ကား သင်တို့သည် ငါ၏နာမကိုအမှီပြု၍ ခမည်းတော်မှာ ဆု တောင်းသမျှတို့ကို ခမည်းတော်သည် ပေးတော်မူမည်။ (ယော၊၁၆း၂၃)"

သခင်ယေရှုသည် ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့၏ အကြီးမြတ်ဆုံးသော ကိုယ်စားပြု လျှောက်လဲ ပေးသူဖြစ်သည်။ ကျွန်ုပ်တို့ ခမည်းတော်ထံ၊ သူ(ယေရှု)၏ နာမ၌ ဆုတောင်းကြသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများကို ကြားနာရန်နှင့် အဖြေများကိုရရှိရန် ဖြစ်သည်။ သခင်ယေရှု ဘုရားသားဖြစ်ခြင်းနှင့် သူ၏ အမှုပြီးစီးခြင်းကို ပြုခဲ့သောကြောင့်ဖြစ်သည်။

*သန့်ရှင်းသောဝိညာဉ်တော်သည်ဆုတောင်းခြင်း၌မစတော်မူသည်။*

ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့အတွက် ကိုယ်စားပြု ဆုတောင်းသူရှိနေခြင်း သာမက ကျွန်ုပ်တို့၏ စိတ်နှလုံးတွင်လည်း သန့်ရှင်းသော ဝိညာဉ် တော်သည် ကိုယ်စားပြု ဆုတောင်းသူဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ် တော်သည် ဆုတောင်းခြင်း၌ မစတော်မူသည်။ အကြောင်းအရာကိစ္စ တချို့၌ ဘုရား၏အလိုတော်၊ ဘယ်ကဲ့သို့ရှိသနည်းဆိုတာကို ကျွန်ုပ်တို့ နားမလည်ခြင်း၊ ကြိမ်ဖန်များစွာဖြစ်ရသည်။ ထိုအတွက် ဘယ်ကဲ့သို့ ဆုတောင်းရမည် ကိုမသိကြပါ။ သို့သော် သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရား၏ စိတ်ကို သိတော်မူပြီး၊ ဘုရား၏ အလိုတော်အတိုင်း ဆုတောင်းရန် ကျွန်ုပ်တို့ကို မစ တော်မူသည်။ ကျမ်းစာက "ငါတို့သည် ဆု တောင်းသင့်သည်အတိုင်း၊ အဘယ်ဆုကို တောင်းရမည်ဟု မသိကြ။ သို့ရာတွင် ငါတို့ဆုတောင်းခြင်းအမှုကို နှုတ်မမြွက်နိုင်သော ညည်းတွားခြင်း အား ဖြင့် ဝိညာဉ်တော်သည် စောင့်မတော်မူ၏ ဟုဆို၏။" (ရော၊၈း၂၆)

ဆုတောင်းခြင်းက ဘုရားသခင် အရေးယူ လုပ်ဆောင်လာရန် ဧကန် အမှန် တန်ခိုးသြဇာ ရှိပါသလား။ ရှိပါသည်။ မည်ကဲ့သို့ သိနိုင်မည်နည်း။ ဘုရားက ပြောထားသောကြောင့် ဖြစ်၏။ သခင်ယေရှုက "သင်တို့ သည် ငါ၏နာမကို အမှီပြု၍ တစုံတခုသော ဆုကို တောင်းလျှင်၊ တောင်း သည်အတိုင်း ငါပြုမည်။" (ယော၊ ၁၄း၁၄)



ဤကျမ်းချက်၌ သခင်ဘုရားက ကျွန်ုပ်တို့အား ရှင်းလင်းစွာ ပြောသည်မှာ သူ၏လုပ်ဆောင်ခြင်းသည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်း အပေါ် မူတည်သည်။ "သင် တောင်းလျှင်...ငါပြုမည် "ဟုဆို၏။ ဘုရားသခင်သည် အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူသည်။ ပြုလုပ်ရန် သူရွေးချယ်သော အရာ ခပ်သိမ်းကို သူတတ်နိုင်စွမ်းရှိသည်။ သို့သော် ဘုရားသခင်သည် မြေကြီး ပေါ်တွင် သူ၏အမှုကို ပြီးစီးအောင်မြင်ရန် ကျွန်ုပ်တို့ ဆုတောင်းခြင်း များကို အသုံးပြုရန် သူ ရွေးချယ်တော်မူသည်။ အဘယ်ကြောင့် ဆုတောင်း ခြင်းသည် အလွန်မှ အရေးကြီးကြောင်းကို သင်သည် ယခု သိမြင်နားလည် ပါသလား။

*ဆုတောင်းခြင်း၏အသွင်သဏ္ဌာန်သုံးမျိုး*

ဆုတောင်းခြင်းသည် အကြောင်းအရာများကို ဘုရားသခင်ထံ ပြောဆိုရုံ သက်သက်မျှသာ မဟုတ်ပါ။ ဆုတောင်းခြင်း၌ အသွင်သဏ္ဌာန် သုံးမျိုး ရှိသည်။ (၁)ရင်းနှီးကျွမ်းဝင်ခြင်း။ (၂)အသနားခံ လျှောက်တင်ခြင်း။ (၃)ကိုယ်စားပြု လျှောက်လဲပြောဆိုပေးခြင်း။ ဤအကြောင်းအရာ များကို စဉ်းစားကြမည်။

*ရင်းနှီးကျွမ်းဝင်ခြင်း။*

ဘုရားသခင်နှင့် မိသဟာယဖွဲ့ခြင်းဖြစ်သည်။ ဘုရား၏ နှုတ်ကပါတ်တော်ကို ဖတ်ခြင်းဖြင့် ဘုရားက ကျွန်ုပ်တို့ကို စကားပြောနိုင်သည်။ ထို့နောက် ဆုတောင်းခြင်းဖြင့် သူ့ထံသို့ တိုးဝင်သည်။ သူ့ကို ကိုးကွယ်ခြင်း၊ ချစ်ခင်မြတ်နိုးခြင်း၊ ချီးမွမ်းခြင်းများကိုပြုသည်။ သူ၏ ကောင်းကြီးမင်္ဂလာများ အတွက် ကျေးဇူးတင်ခြင်းနှင့် သူ့ကိုချစ်ကြောင်း ပြောဆိုခြင်းများကို ပြုခြင်းတို့ဖြစ်သည်။ ရင်းနှီးကျွမ်းဝင်ခြင်း၌ အပြစ်ကို ဖေါ်ပြဝန်ချခြင်း လည်းပါဝင်သည်။ အသက်တာ၌ အပြစ်ကို ဖေါ်ပြဝန်ချခြင်း မရှိလျှင်၊ ဘုရားသခင်နှင့် ရင်းနှီးကျွမ်းဝင် မိသဟာယဖွဲ့ခြင်း ကို မပြုနိုင်ပါ။

ဘုရားသခင်နှင့် ရင်းနှီးကျွမ်းဝင်ခြင်းသည် အဓိက မရှိမဖြစ် လိုအပ်သောအရာ ဖြစ်သည်။ ရင်းနှီးကျွမ်းဝင်ခြင်း အားဖြင့် ဘုရားသခင်ကို သိကျွမ်း လာခြင်းနှင့် သူ၏တန်ခိုးများကို တွေ့ကြုံခံစားလာရသည်။ ကျမ်းစာက "မိမိ၏ဘုရားသခင်ကို သိသော သူတို့၌ အစွမ်းရှိခြင်းနှင့် ချီးမွမ်းဘွယ်သောအမှုကို ပြုကြလိမ့်မည် "ဟု ဆိုသည်။

*အသနားခံလျှောက်တင်ခြင်း။*

ကျွန်ုပ်တို့၏ လိုအပ်သောအရာများကို ဘုရားသခင်ထံ တောင်းခံခြင်း ဖြစ်သည်။ ကျွန်ုပ်တို့၌ အရာများစွာ လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် စုံစမ်းသွေးဆောင်ခြင်းကို အောင်မြင်ရန် ခွန်အားအစွမ်း လိုအပ်သည်။ ဉာဏ်ပညာ လိုအပ်သည်။ ဘုရားသခင်ကို ထိရောက်စွာ အစေခံရန် တန်ခိုး လိုအပ်သည်။ မှန်သော ဆုံးဖြတ်ချက်ပြုလုပ်ရန် လမ်းညွှန်ခြင်း လိုအပ်သည်။ အစားအစာ၊ အဝတ်အထည်နှင့်အခြားသော အရာများကို လိုအပ်ပါသည်။

ကျွန်ုပ်တို့၏ လိုအပ်မှုများကို ဖြည့်ဆည်းရန် ဘယ်နေရာမှာ ရှာဖွေ ကြမည်နည်း။ ဘုရားထံသို့ ကျွန်ုပ်တို့ မျှော်ကြည့်သင့်သည်။ သူသည် ကျွန်ုပ်၏အဘ ဖြစ်သည်။ သူသည် ကျွန်ုပ်တို့ကို ချစ်သည်။ ကျွန်ုပ်တို့၏ လိုအပ်မှုများနှင့် သူ့ထံ လာခြင်းကိုနှစ်သက်တော်မူ၏။ သခင်ယေရှုက "သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ်သားတို့အား ကောင်းသောအရာကို ပေးတတ်လျှင် ထိုမျှမက ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် ဆုတောင်းသောသူတို့အား၊ ကောင်းသောအရာကို သာ၍ ပေးတော်မူမည် မဟုတ်လော"ဟုဆို၏။ (မ၊၇း၁၁) သင်သည် တစုံတခုကို လိုအပ်လျှင် ဘုရားသခင်ထံ ပြောပါ။ ဆက်လက် ဆုတောင်းခြင်းဖြင့် ပြောပါ။ မကြာခဏ ကျွန်ုပ်တို့၌ လိုအပ်သောအရာများ မရှိရခြင်းမှာ ဘုရားထံ ဆု မတောင်းသောကြောင့် ဖြစ်သည်။ ကျမ်းစာက "သင်တို့သည် တပ်မက်၍ မရကြ။ ... အကြောင်းမူကား ဆုမတောင်းဘဲ နေကြ၏ " ဟုဆို၏။ (ယာ၊၄း၂)

ဘုရားသခင်သည် ဆုတောင်းခြင်းကို အမြဲအဖြေ ပေးပါသလား။ မပေးပါ။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများကိုအမြဲတမ်း အဖြေ မပေးပါ။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများကို ဘုရားက အဖြေ ပေးလိုလျှင် ကျွန်ုပ်တို့၌ အနေအထား နှစ်ရပ် ရှိနေရမည်။

*(၁)ဘုရားသခင်၏ အလိုတော်နှင့်အညီ ကျွန်ုပ်တို့ ဆုတောင်းရမည်။*

ဘုရား၏အလိုနှင့် မကိုက်ညီသော အရာများကို ကျွန်ုပ်တို့ ဆုတောင်းလျှင် ဘုရားက မပေးပါ။ ဤအရာအတွက် အလွန်ပင် ကျေးဇူးတင် သင့်သည်။ ကျွန်ုပ်တို့အတွက် အကောင်းဆုံးသော အရာများကို ဘယ် သောအခါမျှ ကျွန်ုပ်တို့ မသိသောကြောင့်ဖြစ်သည်။ ခလေးငယ် တစ် ယောက်သည် ဖခင်ထံ သင်တုန်းဓါး(သို့) ဓါးကို တောင်းရာ၊ ဖခင် သည် သားကို ချစ်၍ သားတောင်းသော အရာများသည် အန္တရာယ် ဖြစ်မည် ကို သိသောကြောင့် သူ၏သားတောင်းသောအရာကို ပေးမည် မဟုတ်ပါ။

ဘုရားသခင်ထံ ကျွန်ုပ်တို့ ဆုတောင်းနိုင်သော အကြီးမြတ်ဆုံး သော ဆုတောင်းခြင်းကား "ကိုယ်တော်၏ အလိုတော်အတိုင်း ဖြစ်စေပါ " ဖြစ်သည်။ ဤကား ဘုရားသခင်၏ ချစ်ခြင်းနှင့် သူ၏ ဉာဏ်ပညာ အပေါ် လုံးဝ ယုံကြည်ကိုးစားမှုကို ဖေါ်ပြခြင်းဖြစ်သည်။ ကျွန်ုပ်တို့ လိုချင်သော အရာများကို တောင်းလျှောက် နိုင်ပါသည်။ သို့သော် တောင်းသော အခါတိုင်း "ကိုယ်တော်၏ အလိုတော်အတိုင်း ဖြစ်စေတော်မူပါ " ဟု ဆုတောင်း သင့်သည်။ "ငါတို့

သည် အလိုတော်နှင့်အညီ တစုံတခုသော ဆုကို တောင်းလျှင် ဘုရားသခင်သည် နားထောင်တော်မူ၏ (၁ယော၊ ၅း၁၄)”

## (၂)ကျွန်ုပ်တို့သည် ဆုတောင်းရာနယ်မြေ အပေါ်၌ ရှိနေရမည်။

အဓိပ္ပါယ်မှာ ကျွန်ုပ်တို့၏အသက်တာသည် ဘုရားသခင် နှစ်သက် စေသော အသက်တာ ဖြစ်ရမည်။ လောကီဆန်သော၊ နာခံခြင်းမရှိသော ခရစ်ယာန်များ၏ ဆုတောင်းခြင်းကို ဘုရားသခင်သည် အဖြေမပေးပါ။ သူ၏ စိတ်ကို ကျေနပ်စေသော အသက်တာ ရှိသောသူများ ဆုတောင်းခြင်းကို အဖြေပေးရန် နှစ်သက်တော်မူသည်။ ကျမ်းစာက “ငါတို့သည် ပညတ်တော် တို့ကိုစောင့်ရှောက်၍၊ နှစ်သက်တော်မူသော အကျင့်တို့ကို ကျင့်သောကြောင့်၊ ဆုတောင်းသမျှတို့ကို ဘုရားသခင့် ထံတော်မှ ရကြ၏။”

“ဘုရားသခင်၏ ပညတ်တော် ဟူမူကား၊ သားတော် ယေရှု ခရစ်တော်ကို ယုံကြည်ရမည်။ သားတော် ပညတ်တော် မူသည်ကား အချင်းချင်းချစ်ရမည်။ ဟူသော ပညတ်တော်ပေတည်း”ဟု ဆိုသည်။ (၁ယော၊ ၃း၂၂-၂၃)”

ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများ အဖြေ မရရှိခဲ့သော် ကိုယ်ကိုယ်ကို ကျွန်ုပ်တို့ မေးသင့်သည်မှာ “ဘုရားသခင်ထံမှ ဆုတောင်းခြင်းများကို အဖြေ ရရှိရန် အသက်တာထဲ၌ ဆီးတားနေသော အရာများ ရှိနေပါသလား” ဟူ၍ဖြစ်သည်။

## ဆုတောင်းခြင်းကို အဆီးအတားဖြစ်စေသော ကြီးမားသည့်အရာများ

(၁)အပြစ်။ (၂)အတ္တဆန်ခြင်း။ (၃)အပြစ်ခွင့်မလွှတ်ခြင်း။ (၄)မယုံကြည်ခြင်း။ စသည်တို့ဖြစ်သည်။ ဤအရာများက စာတန်ကို ကျွန်ုပ်တို့၏ အသက်တာ၌ ခြေကုပ်ချရန် အခွင့်ပေးခြင်းဖြစ်သည်။ ဘုရားက ဆုတောင်းခြင်း ကိုနားညောင်း လိမ့်မည် မဟုတ်ပါ။ “ငါသည် စိတ်နှလုံးထဲမှာ ဒုစရိုက်ကို ငဲ့ကွက်လျှင်၊ ဘုရားရှင်သည် နားထောင်တော်မမူ ဟုဆို၏။ (ဆာ၊၆၆း၁၈)”

## ကိုယ်စားပြုလျှောက်လဲပြောဆိုပေးခြင်း။

အခြားသူများအတွက် ဆုတောင်းပေးခြင်း ဖြစ်သည်။ ရင်းနှီးကျွမ်းဝင်ခြင်းနှင့် အသနားခံ တောင်းလျှောက်ခြင်းတို့သည် အဓိကအားဖြင့် ကျွန်ုပ်တို့၏ လိုအပ်မှုများ အတွက်သာဖြစ်ပြီး၊ ကိုယ်စားပြု ဆုတောင်းခြင်းသည် အခြားသူများကို ကူညီရန် ကမ်းလှမ်းခြင်း ဖြစ်သည်။ ကျွန်ုပ် တို့သည် ကယ်တင်ခြင်း မရသေးသော မိတ်ဆွေများနှင့် ဆွေမျိုးများ အတွက် ဆုတောင်းကြသည်။ ကယ်တင်ခြင်းဆိုင်ရာ သတင်းကောင်းကို ဟောပြောသောသူများ၊ ခေါင်းဆောင်များအတွက် ဆုတောင်းကြသည်။ မကျန်း မမာ၊ နာဖျားသော သူများအတွက် ဆုတောင်းကြသည်။ ဤဆုတောင်းခြင်း ပုံစံများက ဘုရားသခင်၏မေတ္တာနှင့် အကြံတော် ထဲသို့လူသားများကို သူ့ထံသို့ ပြန်လည်ပို့ဆောင်ရန် မစမှုများဖြစ်သည်။ ကိုယ်စားပြု ဆုတောင်းခြင်း၏ အသွင် သဏ္ဍာန်တခုမှာ ဝိညာဉ်တိုက်ပွဲဝင် ဆုတောင်းခြင်း ဖြစ်သည်။ ဤကား စာတန်ကို ဆန့်ကျင်တိုက်ခိုက်သော ဆုတောင်းခြင်းဖြစ်သည်။

## *စာတန်နှင့်ရင်ဆိုင်တိုက်ပွဲ*

ဘုရားသခင်နှင့် အဘယ်ကဲ့သို့ အမြဲတမ်း ထိတွေ့ရင်းနှီးရမည်ကို ဆုတောင်းခြင်းနှင့်၄င်း၊ ကျမ်းစာဖတ်ခြင်းဖြင့်၄င်း၊ ကျွန်ုပ်တို့ သိနားလည်ခဲ့ရပြီး ဖြစ်သည်။ ထို့ကြောင့် စာတန်ကို ရင်ဆိုင်ဆန့်ကျင်တိုက်ခိုက်ရာတွင် ဘုရားက ကျွန်ုပ်တို့ကို အသုံးပြုနိုင်သည်။ ယခု ဘုရားသခင်နှင့် စာတန်တို့အကြား စစ်ရေးစစ်ရာနှင့် ပတ်သက်၍ အချို့သော အချက်များကို ပြန်လည် သုံးသပ်ကြပါစို့။

ပထမ – ဘုရားသခင်သည် ကမ္ဘာကိုဖန်ဆင်း၏။ သူပိုင်တော်မူသည်။ ကျမ်းစာက ထာဝရဘုရားသည် မြေကြီးနှင့်မြေကြီးတန်ဆာကို၄င်း၊ လောကဓာတ်နှင့် လောကသားတို့ကို၄င်း ပိုင်တော်မူ၏ ဟုဆို၏။ (ဆာ၊၂၄း၁)

ဒုတိယ – ဘုရားက လူသည် ဤကမ္ဘာကြီးကို အုပ်စိုးရန် ပေးအပ်ခဲ့၏။ ဘုရားသခင်က အာဒံကို ကမ္ဘာကြီး တစ်ခုလုံးအပေါ်အုပ်ချုပ်ခွင့် ကို ပေးခဲ့၏။

တတိယ – အာဒံသည် ဘုရားသခင်ကို ပုန်ကန်ခဲ့၏။ သူသည် စာတန်ဘက်မှာ နေပြီး၊ စာတန်၏ တန်ခိုးအောက်သို့ ရောက်ခဲ့ရ၏။ ထို့ကြောင့် ကမ္ဘာကို အုပ်စိုးခွင့်ကို လက်လွှတ်ဆုံးရှုံးခဲ့ရပြီး၊ စာတန်က လက်ပြောင်းရယူခဲ့သည်။ အပြစ် အားဖြင့် စာတန်သည် ကမ္ဘာကြီးတခုလုံးကို အုပ်စိုးခြင်း အခွင့်ကို ရခဲ့၏။

စတုတ္ထ – ဘုရားက ဤကမ္ဘာကြီးကို သူ့ထံသို့ပြန်လည်ရယူလိုသည်။ တစ်ယောက် သောလူ အားဖြင့်ပြုလုပ်ရန် အလိုရှိ၏။ ထို့ကြောင့် ဘုရား သခင်သည် သူ၏သားတော် ယေရှုခရစ်တော်ကို လောကသို့ သူ၏ ဒုတိယလူအဖြစ် စေလွှတ်ခဲ့၏။

ပဥ္စမ – စာတန်နှင့် ဘုရားသခင်၏ ဒုတိယလူ ဖြစ်သော သခင်ယေရှုတို့ကြား ကြီးစွာသော တိုက်ပွဲသည် ပြင်းထန်ခဲ့၏။ မည်သူတယောက်မျှမရင်ဆိုင် မကြုံခဲ့ရသော စုံစမ်းနှောက်ယှက်ခြင်းကို သခင်ယေရှုသည် ခံခဲ့ရပြီး၊ စာတန်၏ စုံစမ်းနှောက်ယှက်ခြင်းအားလုံးကို သူသည် အောင်မြင်ခဲ့၏။ စာတန်သည် နောက်ဆုံး၌ ကြံရာမရဖြစ်ကာ၊ ယေရှုကို ကားစင်တင် သတ်ရန် လူထုကြီးကို ထကြွလှုံ့ဆော်ခဲ့၏။

သခင်ယေရှုကို သင်္ချိုင်းတွင်းမြှုပ်နှံစဉ်၊ စာတန်က သူသည် အောင်မြင် အနိုင်ရခဲ့ပြီးဟု ထင်ခဲ့၏။ သို့သော် သုံးရက်နေ့မြောက်တွင် သခင်ယေရှုသည် ရှင်ပြန်ထမြောက်ခဲ့ပြီး၊ မှောင်မိုက်တန်ခိုးများ အားလုံးတို့အပေါ် အောင်နိုင်ခဲ့၏။ စာတန်သည် ထိုနောက် သူသည် ရှုံးနိမ့်ခဲ့ပြီးဖြစ်ကြောင်း ကိုသိခဲ့၏။

သခင်ယေရှုသည် ကောင်းကင်ပေါ်နှင့် မြေကြီးပေါ်၌ အခွင့်အာဏာ အားလုံး ပေးအပ်ခြင်းကိုခံရ၏။ စာတန်နှင့် သူ၏ မှောင်မိုက်အင်အားစု များသည် သူတို့၏ အခွင့်အာဏာများကို ခွာချခြင်းကို ခံရ၏။ သခင်ယေရှုသည် ကောင်းကင်ဘုံသို့ ပြန်တက်ခဲ့ပြီး၊ ခမည်းတော်၏ လက်ျာတော် ဘက်မှာ ထိုင်တော်မူ၏။

“ခပ်သိမ်းသော အထွဋ်အမြတ်၊ အာဏာစက်၊ တန်ခိုးအစိုးရခြင်း မှစ၍ ယခုဘဝ နောင်ဘဝ၌ ခေါ်ဝေါ်သမုတ်သော ဘွဲ့နာမ အလုံးစုံတို့အထက် ကောင်းကင်အရပ်၌ မိမိလက်ျာတော် ဘက်မှာ အလွန်မြင့်မြတ်သော နေရာကို ခရစ်တော်အား ပေးတော်မူ၍၊ ခြေဘဝါးတော် အောက်သို့ အလုံးစုံတို့ကို ချထားသဖြင့်၊ အသင်းတော်အဘို့အလို့ငှါ၊ သူ့ကို အလုံးစုံတို့၏ အချုပ်အခြာ ဦးခေါင်းဖြစ်စေတော်မူ၏” ဟုဆို၏။ (ဧ၁း၂၁-၂၂)

## *စာတန်သည်ရှုံးနိမ့်ခဲ့ပြီ။*

စာတန်နှင့်ကျွန်ုပ်တို့၏ စစ်ပွဲတွင် မှတ်မိသတိရစေရန် အကြီးဆုံးသော အကြောင်းအရာမှာ စာတန်သည် ရှုံးနိမ့်ခဲ့ပြီး ဖြစ်၏။ ကျွန်ုပ်တို့သည် စာတန်ကို ရှုံးနိမ့်စေခဲ့ခြင်း မဟုတ်ပါ။ ခရစ်တော်က သူ့ကို ကရာနီ ကုန်းတွင် ရှုံးနိမ့်စေခဲ့ခြင်းဖြစ်၏။ စာတန်သည် ရှုံးနိမ့်ခဲ့ ရသော်လည်း ငရဲမီးအိုင်တွင်းသို့ ပစ်ချခြင်း မခံရသေးပါ။ ယခု သူသည် လွတ်နေဆဲ ဖြစ်သည်။ သူသည် ကယ်တင်ခြင်း မရသေးသောသူများကို မိမိ၏ နိုင်ငံထဲ ဆက်လက်ရှိနေရန် ယခင်ကထက်သာ၍ ကြိုးစားလုပ်ဆောင်လျက်ရှိသည်။

ဘုရားသခင်၏ အစေခံများဖြစ်ကြသော သင်နှင့်ကျွန်ုပ်သည် ကယ်တင်ခြင်းသို့ မရောက်သေးသူများထံ ကယ်တင်ခြင်း သတင်းကို ကြားပြော ခြင်းဖြင့် စာတန်၏တန်ခိုးအောက်မှ လွတ်မြောက်စေရန်ဖြစ်သည်။ သခင်ယေရှု ပြောခဲ့သည်မှာ၊ သင်သည် အားအင်သန်စွမ်းသော သူတစ်ဦး၏ အိမ်မှ ဥစ္စာပစ္စည်းကို ရယူလိုသော်၊ သင်သည် ဦးစွာ အားအင်သန်စွမ်းသူကို အရင် ချည်နှောင် ရမည်။ စာတန်သည် အားအင်သန်စွမ်းသူ ဖြစ်သည်။ သူ့ ဥစ္စာပစ္စည်းများသည် သူ့တန်ခိုးဖြင့် သူ ထိန်းသိမ်းထားသော လူများ ဖြစ်သည်။

## *ကျွန်ုပ်တို့စာတန်၏တန်ခိုးကိုမည်ကဲ့သို့ချည်နှောင်မည်နည်း။*

ကျွန်ုပ်တို့သည် စာတန်၏တန်ခိုးကို ကရာနီကုန်း၊ ခရစ်တော်၏ အောင်မြင်ခြင်းကို ပိုင်ဆိုင်ကြောင်း ပြောဆိုခြင်းဖြင့် ချည်နှောင်သည်။ ကျွန်ုပ် တို့သည် ခရစ်တော်၏အောင်ခြင်းကို ကျွန်ုပ်တို့၏အောင်ခြင်း ဖြစ်ကြောင်း ပိုင်ဆိုင်ကြောင်း ပြောဆိုခြင်းဖြင့်ပြုလုပ်သည်။

ခရစ်တော်သည်သင်၏အပြစ်များအားလုံးအတွက်ပေးဆပ်ခဲ့ပြီ။

သင်သည် ခရစ်တော်၏ ပေးဆပ်မှုကို ပိုင်ဆိုင်ကြောင်း ပြောဆိုခြင်း မပြုသေးသ၍ သင်သည် ကယ်တင်ခြင်းရမည် မဟုတ်ပါ။ ထိုနည်းတူ၊ သင်သည် စာတန်အပေါ် ခရစ်တော်၏အောင်မြင်ခြင်းကို ပိုင်ဆိုင်ကြောင်း ပြောဆိုရမည်။ ဆုတောင်းခြင်းဖြင့် သင်ပြုလုပ်နိုင်သည်။ အရာအားလုံးကို ကရာနီကုန်း နည်းအားဖြင့် ပြုတော်မူသော သခင်ဘုရား၊ ကရာနီကုန်း၏ အလုံးစုံသော တန်ခိုးကြီးသော အောင်ခြင်းဖြင့် ဟု ပြောဆိုနိုင်သည်။

သင်သည် ဤဆုတောင်းခြင်းကို ဆုတောင်းသောအခါ၊ သင်သည် သခင်ဘုရား၊ ဤအမှုအရာကို ကျွန်ုပ် မဖြေရှင်းနိုင်ပါ၊ သို့သော် ကိုယ်တော် တတ်နိုင် တော်မူ၏။ ကိုယ်တော်သည် စာတန်၏ တန်ခိုးအားလုံးကို အောင်နိုင်ခဲ့ပြီ၊ ကျွန်ုပ်သည် ဤအမှုအရာ၌ ကိုယ်တော်၏ အောင်ခြင်းကို ပိုင်ဆိုင်ကြောင်း ပြောဆိုပါသည်ဟု ပြောဆိုခြင်း ဖြစ်သည်။ ကရာနီကုန်း၏ အောင်မြင်ခြင်းကို ကျွန်ုပ်တို့ပိုင်ဆိုင်ကြောင်း ပြောဆိုခြင်းဖြင့် ခရစ်တော်သည် စာတန်၏ တန်ခိုးများကိုချည်နှောင်ပါသည်။

## *ဘုရားသခင်သင့်အားပေးထားသောလက်နက်ကိုအသုံးပြုပါ*

ဘုရားက စာတန်ကို တိုက်ခိုက်ရာတွင် သင့်အား တန်ခိုးကြီးသော လက်နက်ကိုပေးခဲ့ပြီ။ သို့သော် သင်သည် အသုံးမပြုခဲ့သော် အသုံးမကျပါ။ ထိုကြောင့် ကရာနီကုန်း၏ အောင်မြင်ခြင်းကို သင်ပိုင်ဆိုင်ကြောင်း ပြောဆိုပါ။ စာတန်သည် သင်၏အိမ်၌ တိုက်ခိုက်မှုကို ပြုသည်ဟု ယူဆ

ကြမည်။ ကြမ်းတမ်းသော စကားနှင့် ခါးသီးမှုကို ဖြစ်စေသည်။

သင်ဘာပြုလုပ်မည်နည်း။ ကရာနီ၏ အောင်ခြင်းကို ပိုင်ဆိုင်ကြောင်းကို ပြောဆိုပါ။ ခရစ်တော်သည် သင့်အား ပြောသည်မှာ ငါ၏နာမဖြင့် ခွန်အားကြီးသောသူ (စာတန်)ကို ချည်နှောင်ပါ။ မကြာခဏ၊ ကျွန်ုပ်တို့ ပြဿနာ နှင့်ရင်ဆိုင်ရပါက ပြဿနာကို ဖြစ်စေသောသူ ဟုယူဆသောသူကို သွားရောက် ရင်ဆိုင်ဖြေရှင်း တတ်ကြသည်။ သို့သော် ကျမ်းစာက ပြောသည်မှာ အမှန်ခက်ခဲခြင်း ဖြစ်ရသည်မှာ မှောင်မိုက်တန်ခိုး များက အကြောင်းအရာ များကို မွှေနှောက်ခြင်းကြောင့် ဖြစ်သည်ဟုဆို သည်။ တမန်တော် ပေါလုက "အကြောင်းမူကား၊ ငါတို့သည် အသွေး အသားရှိသော ရန်သူ တို့နှင့် ဆိုင်ပြိုင်တိုက်လှန် ရကြသည်ဟုတ်၊ အထွဋ် အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့်၎င်း လောကီမှောင်မိုက်၌ အစိုးတရ ပြုလုပ်သော မင်းတို့နှင့် ၎င်း၊ မိုးကောင်းကင်၌နေသော နတ်ဆိုးတို့နှင့်၎င်း၊ ဆိုင်ပြိုင် တိုက်လှန်ရကြ၏" ဟုဆို၏။ (ဧဖေ:၁၂)

## မှောင်မိုက်တန်ခိုးများကိုမည်ကဲ့သို့ဖြေရှင်းမည်နည်း။

ခရစ်တော်၏ ကရာနိ ၏အောင်မြင်ခြင်းကို ရယူပြောဆိုခြင်းဖြင့်၊ ထို မှောင်မိုက်များကို ကျွန်ုပ်တို့ ရင်ဆိုင်ဖြေရှင်းသည်။ "ကရာနိကုန်း၏ အားကြီးသော တန်ခိုး အားလုံးဖြင့် ဖြစ်သည်။ ယေရှု၏နာမ၌ အောင်မြင်ပြီ" ဟု ပြောဆိုပါ။

## *အရာအားလုံးတို့အတွက်ဆုတောင်းပါ။*

ကျွန်ုပ်တို့သည် စာတန်နှင့် တိုက်ပွဲဝင်နေကြောင်းကို သင်သည် သိလျှင် အရာ အားလုံးတို့အတွက် သင်သည် ဆုတောင်းပေလိမ့်မည်။ ဤကား ဘုရား(သို့) လူအတွက် သင်ပြုလုပ်နိုင်သော အကြီးဆုံးသော အရာဖြစ်သည်။ သင်၏အိမ်၊ သင်၏အသင်းတော်၌ ပြဿနာများအတွက် ဆုတောင်းပါ။ ခရစ်ယာန်များအတွက် ဆုတောင်းပေးပါ။ သင်၌ ကယ်တင်ခြင်း မရသေးသော မိတ်ဆွေများနှင့် ဆွေမျိုးများအတွက် ဆုတောင်းပေးပါ။ ကယ် တင်ခြင်း သတင်းကောင်းကို ဟောပြောသူများအတွက် ဆုတောင်းပါ။ ယေရှု၏ နာမ၌ ဆုတောင်းပါ။ လုံ့လဝီရိယ ရှိခြင်းနှင့် ဆုတောင်းပါ။ ယုံကြည်ခြင်းဖြင့် ဆုတောင်းပါ။ ကရာနိ၏ အောင်မြင်ခြင်းထဲ၌ ဆုတောင်းပါ။

## *အရှုံးမပေးပါနှင့်*

ဆုတောင်းခြင်း၌ အဖြေရသော အရည်အချင်းမှာ လက်မလျှော့သော ဆုတောင်းခြင်းဖြစ်သည်။ အဓိပ္ပါယ်မှာ အရှုံး မပေးခြင်းဖြစ်သည်။ အဖြေ ရလာသည့်တိုင်အောင် ဆက်လက်ဆုတောင်းပါ။ လူသားများ၏ အလို ဆန္ဒများကို ဘုရားသခင် ဖြေရှင်းပေးရန် အချိန်ပေးရသည်။ အခြေအနေ များကို ပြောင်းလဲရန်အတွက် အချိန်ပေးရသည်။

ကျွန်ုပ်တို့သည် ဆုတောင်းခြင်းကို ဆုပ်ကိုင်ရန်နှင့် ကရာနီ၏ အောင်မြင်ခြင်းကို ရယူပြောဆိုရန် ဘုရားသခင်က အလိုရှိသည်။ ကျမ်းစာက ယောကျာ်းများသည် အားလျော့စိတ်ပျက်ခြင်းခြင်း မရှိဘဲ အစဉ်အမြဲကြိုးစား၍ ဆုတောင်းအပ်သည်ဟုဆို၏။ ဘုရားသခင်၏ ကတိတော်ကို အမှတ်ရပါ။ "သင်တောင်းလျှင် ... ငါပြုမည်"။ ။ *(အန်ဒရူး)*

ဝန်ခံချက်။ ခရစ်ယာန်အများစုက 'ကရာနီ' ဟုခေါ်တွင်ကြသော်လည်း ဆရာယုဒသန် ကလုကာ ၂၃:၃၃ တွင် 'ကရာနိ' ဟု သုံးထားပါသည်။ (စီစဉ်သူ)

---

## လမ်းပြရှင် Easter(ချင်းတောင်တန်း)

ထာဝရ ဘုရားသခင်ဟာ ကျွန်တော် ကျွန်မ အယောက်စီတိုင်းကို ပင်ပန်းဆင်းရဲခြင်း အခက် အခဲ ပြဿနာတွေ အများကြီးထဲမှ ကယ်နှုတ်ချီးမြှောက် ခဲ့သလို ကျွန်မရဲ့ အသက်တာကိုလဲ ဝမ်းနည်းမှု အခက် အခဲထဲမှ ရွေးနှုတ် ကယ်တင်ခဲ့ပါတယ်။

ကျွန်မ စင်ကာပူကို ၂၀၀၇ ဇန်နဝါရီလ ၂၄ ရက်နေ့မှာ ရောက်ရှိလာခဲ့ပါတယ်။ ကျွန်မ အိမ်ရှင်က ဗမာလူမျိုး မယုံကြည်သူတွေ ဖြစ်ပါတယ်။ သူတို့ဟာ ကျွန်မကို တောင်ပေါ်သူ (–)လူမျိုးတစ်ယောက်ဖြစ်လို့ သူတို့အိမ်မှာ အလုပ်ခိုင်းဖို့ ခေါ်ထားကြတာဖြစ်ပါတယ်။ (–)လူမျိုးတွေအကြောင်း ကြားဖူးကြမယ်လို့ ယုံကြည် ပါတယ်။ (–)လူမျိုးတွေဟာ ရိုးတယ်။ အ တယ်။ သည်းခံမှု ရှိတယ်ဆိုပေမဲ့ အချိန်အခါ အတိုင်းအတာတစ်ခု အထိဘဲ သည်းခံနိုင်တယ်လို့ ပြောကြပါတယ်။ ဒါပေမဲ့ ကျွန်မတို့ (–)လူမျိုး အများစုဟာ အတိုင်းအတာတစ်ခုထိ ကျော်လွန်အောင် သည်းခံတတ်သလို ပြောသမျှခံ။ ခိုင်းသမျှလုပ်။ ကျွေးတာလေးဘဲ စားတတ်တဲ့ ကျွန်မတို့ တောင်ပေါ်သူ (–)လူမျိုးအကြောင်း သူတို့က သိထားလို့ သူတို့အိမ်မှာ ခိုင်းဖို့ ခေါ်ထားတာဖြစ်ပါတယ်။

ကျွန်မ ထိန်းရတဲ့ ကလေးဟာ အရမ်းကြမ်းတမ်းပြီး မိဘကိုယ်တိုင်က မထိမ်းသိမ်းနိုင်ဘဲ။ မိဘတွေက ခနခန အော်ဟစ်ဆူညံပြီး ခနနေ မျက်ရည်ကျလိုက် ခနပြန်ရီလိုက်နဲ့ ပွက်လောရိုက်နေကြပါတယ်။ ကျွန်မဟာ မိဘနဲ့ ကလေးကြားမှာ အနေအထိုင် အတော်လေး ခက်ခဲ့ပါတယ်။ အလုပ်ချိန်တစ်ရက် ကုန်ဖို့ မနည်း အားတင်းထားရသလို သူတို့ကွယ်ရာမှာ ခနခနမျက်ရည်ကျပြီး ဆုတောင်းခဲ့ရပါတယ်။ ကျွန်မ မိဘတွေနဲ့လဲ မဆက်သွယ်စေသလို ဘယ်သူတစ်ဦးတစ်ယောက်နဲ့မှ စကားပြောခွင့် မရခဲ့တဲ့အတွက် ကျွန်မ ဝမ်းနည်းလွန်းလို့ ညဘက် သန်းခေါင်ကျော်ချိန် အလုပ်ပြီးလို့ ဆုတောင်းကျမ်းစာဖတ်ပြီး ကျွန်မ ညတိုင်းမျက်ရည် ကျခဲ့ပါတယ်။။

ကျွန်မ စိတ်ထဲမှာ ငါ ထောင်ကျနေသလား လို့တွေးမိပြီး ဝမ်းနည်းပူဆွေးမိတာ နေ့တိုင်း၊ ညတိုင်းပါဘဲ။ ကျွန်မ ဘုရားသခင်ဆီမှာ နေ့ည မပြတ်ပူဆာခဲ့ပါတယ်။ ဘုရားသခင်ဟာ ကျွန်မရဲ့ အော်ဟစ်သံကို နားညောင်းခဲ့ပါတယ်။ ကျွန်မတို့ အိမ်မှာ ခနလာတည်းတဲ့ အန်ကယ် တစ်ယောက်ကို ကျွန်မ ဖုန်းမဆက်တတ်တဲ့အတွက် မြန်မာနိုင်ငံကို ဘယ်လိုဖုန်းခေါ်ရသလဲလို့ မေးမိလိုက်ပါတယ်။။ အန်ကယ်က သူ ရန်ကုန်ကိုဘဲ ခေါ်တတ်တယ်။ ကျွန်မ တို့ တောင်ပေါ်ကို ဘယ်လိုခေါ်ရမယ်ဆိုတာ ကုတ်နံပါတ် မသိဘူးလို့ ပြောပါတယ်။။ အဲဒီအချိန်မှာ အိမ်ရှင် ရောက်လာပြီး နင် ငါတို့ မကောင်းကြောင်းတွေကို ဧည့်သည်ကို ပြောနေတာ မဟုတ်ဘူးလားလို့ ရန်တွေ့ပါတယ်။

ကျွန်မကလဲ အတင်းပြောတာမဟုတ်ကြောင်း ရိုးရိုးသားသား ဖုန်းနံပါတ်မေးတာဖြစ်ကြောင်း ပြန်ဖြေလိုက်ပါတယ်။ အိမ်ရှင်က ဧည့်သည်အန်ကယ်ကို ကျွန်မတို့ ဘာတွေပြောသလဲလို့ ခေါ်မေးတော့ အဲဒီအန်ကယ်က ကျွန်မကို ချောက်တွန်းပါတယ်။ နင်တို့ လင်မယားရဲ့ မကောင်းကြောင်းတွေ ငါ့ကို အများကြီး လာပြောတယ်လို့ လိမ်ပြောပါတယ်။ ကျွန်မ အံ့သြဝမ်းနည်းလွန်းပြီး ဘုရားသခင် ထံတိုင်တည် ခဲ့ပါတယ်။ အဲဒီည တစ်ညလုံး လင်မယားနှစ်ယောက် ရန်တွေ့တဲ့စကားကို ကျွန်မခွန်းတုံ့ မပြန်နိုင်ဘဲ ခေါင်းငုံ့ခံရင်း ရင်ထဲမှာ ဆုတောင်းမိခဲ့တာ အကြိမ်ကြိမ်ပါဘဲ။ ကျွန်မ ဘယ်လို ဆုတောင်းခဲ့သလဲဆိုရင် ဘုရားသခင် ကျွန်မဟာ သူတို့ပြောသလို လိမ်ညာမိရင် ကျွန်မကြုံတွေ့နေရတဲ့ အမှုတွေအတွက် အပြစ်ဒဏ် ခံရပါစေ။ ဒါမှမဟုတ် သမီးပြောတာ မှန်ခဲ့ရင် သမီးရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲပြဿနာတွေထဲက ကယ်နှုတ်ပါလို့ ကျွန်မ ဆုတောင်းခဲ့ပါတယ်။

အိမ်ရှင်တွေက ကျွန်မကို ညဘက်မှာ ခနခန အိပ်ယာက ထပြီး ချောင်းကြည့် တတ်ပါတယ်။။ ကျွန်မ အရမ်းကြောက်တယ်။ ကြောက်လွန်းလို့ ညဘက်ဆို မအိပ်ဘဲ ခနခန ထပြီးဆုတောင်းတယ်။ ကျွန်မ ကျမ်းစာဖတ်တာ။ ဆုတောင်းတာ သိတော့ ကျွန်မကို ဘုရား မကိုးကွယ်ရဘူး။ ဘာသာ တရား ကိုးကွယ်ခွင့် နင်တို့မှာ လုံးဝ မရှိဘူး ဆိုပြီး ကျွန်မကို တားဆီးပါတယ်။ နောက်ပြီး ကျွန်မက ရေကို ကျိုချက်ပြီးမှ သောက်တတ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မတို့ တောင်ပေါ်မှာ ၄က်ဖျား ပေါ်တဲ့အတွက် မွေးကတည်းက တစ်ရွာလုံး ရေကို ကျိုချက်ပြီးမှ သောက်လာခဲ့တာကြောင့် ကျွန်မအတွက် အလေ့အကျင့်တစ်ခုဖြစ်ခဲ့ပါတယ်။ ကျွန်မ အိမ်ရှင်က ရေနွေးမတည်ရဘူးတဲ့ ရေဖိုး၊ မီးဖိုး ပိုက်ဆံ ကုန်တယ်လို့ ပြောပါတယ်။ ကျွန်မက ဟုတ်ကဲ့ပါ နောက်လုံးဝ မသောက်တော့ဘူး။ လို့ ပြောပြီး ကျွန်မ လုံးဝမသောက်မိအောင် နေခဲ့ပါတယ်။



ကျွန်မ ရေသောက်တာ မမြင်တော့၊ ကျွန်မဆီလာပြီး ဒါက ဘာ သဘောလဲ နင်က ငါ့ကို ဆန္ဒပြတာလား။ ငါတို့က စိတ်ဆိုးရင် လူ တစ်ယောက်ကို သတ်ဖို့ ဝန်မလေးဘူးတဲ့။ နောက်ပြီး ကျွန်မကို လူ အားလုံးရှေ့မှာ အတင်း ပြောခဲ့တာ၊ မကောင်းကြောင်း ပြောခဲ့တာ အချိန် တိုင်းပါဘဲ။ သူတို့ မိတ်ဆွေ မြန်မာ သူငယ်ချင်းတွေ အားလုံးကို ခေါ်ပြီး မကောင်းကြောင်းစပြော တယ်။ ကျွန်မ အရမ်းရှက်သလို ကြောက်လဲ ကြောက်ပါတယ်။ အဲဒီ သ တင်း တွေကို မြန်မာနိုင်ငံက ကျွန်မ မိဘတွေ သာကြားသိခဲ့ရင် မောင်နှမ တွေသာ ကြားသိခဲ့ရင် ကျွန်မ မတွေးရဲတော့ပါ ဘူး။ တကယ်လည်း သူတို့ မြန်မာ နိုင်ငံကို ဖုန်းဆက်ပြီး ပြောခဲ့ပါတယ်။ ကျွန်မကတော့ ဘုရားသခင်မှ တပါး အားကိုးရာ မှီခိုရာ ဒီစင်ကာပူမှာ မရှိတဲ့အတွက် ဘုရားသခင့် ကျေးဇူးတော်ပါဘဲ။ ကျွန်မဟာ ဘုရားသခင် ဆီက ကောင်း မြတ်တဲ့ ကျေးဇူးတွေဘဲ လိုချင်ခဲ့တယ်၊ မကောင်းတဲ့ အရာတွေ ပေးတော့ စိတ်ပျက် မိရော။ မကောင်းတဲ့ ဆုကျေးဇူးတွေကလဲ ဘုရားသခင်

ပေးတဲ့ ဘဝရဲ့ သင်ခန်းစာ ဆုလဒ်တွေပါဘဲ။ ဘာဘဲဖြစ်ဖြစ် ဘုရား သခင့် ကျေးဇူးတော် ပါဘဲ လို့ ကျွန်မ ခံယူမိခဲ့ပါတယ်။

ဒီလိုနဲ့ဘဲ ကျွန်မကို ပွဲစားဆီ ပြန်ပို့ခဲ့ပါတယ်။ ကျွန်မ ပွဲစားဆီ ရောက်တဲ့ အချိန်မှာ မြန်မာတစ်ယောက်မှ မရှိပါဘူး။ ကျွန်မ တစ်ယောက်တည်း ကျန်နေခဲ့ပါတယ်။ မြန်မာအားလုံးဟာ အင်ဒိုနီးရှားနဲ့ ဖိလစ်ပိုင်သူတွေကြားထဲမှာ အမြဲအနိုင်ကျင့်ခံရ တတ်ပါတယ်။ ကျွန်မ ညတိုင်း ကျမ်းစာဖတ် ဆုတောင်းပြီး ဘုရားသခင်နဲ့ အချိန်အများကြီးယူခဲ့ပါတယ်။ ဘုရားသခင် ဒီတစ်ခါ ကျရင် ကျွန်မအတွက် ကောင်းတဲ့ အလုပ်ရှင်ကို ပေးပါလို့ ဆုတောင်းမိခဲ့ပါတယ်။ ကျွန်မကို အင်တာ လာဗျူးတဲ့ သူတွေ မနည်းပါဘူး။ သူတို့ မေးသမျှ အကောင်းဆုံး ကျွန်မ ပြန်ဖြေခဲ့ပေမဲ့ တစ်လနီးပါး ကြာတဲ့အထိ အလုပ် မရခဲ့ပါဘူး။ အလုပ် မရတာရော ပွဲစားအိမ်မှာ ရောက်နေတဲ့ ဖိလစ်ပိုင်မတွေရဲ့ ပြဿနာရှာမှုကြောင့်ရော ကျွန်မ စိတ်ညစ်ခဲ့ရပါတယ်။ တစ်နေ့မှာ စင်ကာပူ ရောက်တာ တစ်နှစ်ကျော်ပြီးမှ မပြုံးပြလို့ ဆိုပြီး အိမ်ရှင်က ပွဲစားဆီ ပြန်ပို့လိုက်တဲ့ ဖိလစ်ပိုင်မ တစ်ယောက် ရောက်လာပါတယ်။။ ပွဲစားက စိတ်အရမ်းဆိုးပြီး နင်ဘာလို့ မပြုံးနိုင်တာလဲ လို့ ဆူပါတယ်။။ ဒီစင်ကာပူမှာ လူတစ်ယောက်ရဲ့ စားစရိတ်က မသေးဘူး။ ဆိုတာ နင်တို့ မသိဘူးလားလို့ ပြောပါတယ်။ နောက်ပြီး အားလုံးကို မေးတယ်။ နင်တို့ အားလုံးထဲမှာ ဘယ်သူက အမြဲတမ်းပြုံးနေသလဲလို့ မေးပါတယ်။ အားလုံး မဖြေရဲကြပါဘူး။ ပွဲစားက ကျွန်မရဲ့ နာမည်ခေါ်ပြီး အရှေ့ကို လာပါ။ အားလုံး သူ့မျက်နှာကို တစ်နေ့ လုံးကြည့်ပါ။ သူက ဝမ်းနည်းလဲ ပြုံး။ သူငယ်ချင်းမရှိလဲ အမြဲပြုံးနေတယ်။ နင်တို့ အားလုံး ထဲမှာ ဘယ်သူက အသက် အငယ်ဆုံးလဲ။ မရှက်ကြဘူးလားလို့ အားလုံးကို ဆူတယ်။ နောက်ပြီး ကျွန်မကို စိတ်ခါတ်မကျနဲ့ အဆင်ပြေမှာပါလို့ အားပေး ပါတယ်။။

အဲဒါဟာ ဘုရားသခင်က ကျွန်မကို လူတွေရဲ့ ရှေ့မှာ မျက်နှာရတဲ့ အခွင့်ကို ပေးခဲ့တာဘဲလို့ ကျွန်မ ကျေးဇူးတော် ချီးမွမ်းခဲ့ပါတယ်။ အဲဒီလိုနဲ့ဘဲ တစ်လပြည့်ဖို့ ရက်ပိုင်းလေး အလိုမှာ ကျွန်မ စိတ်ခါတ် အရမ်းကျခဲ့ပါတယ်။ ဘုရားသခင် ဘယ်လိုလဲ လက်မြှောက် အရှုံးပေးလိုက်တော့မယ်။ ဘုရားသခင် ကျွန်မကို လမ်းမပြတော့ဘူးလား။ မနက်ဖြန် အလုပ်ရရင် ရ။ မရရင်တော့ ဘိုင်းဘိုင်းဘဲ။ ရွာကို ပြန်တော့မယ်လို့ ဆုတောင်းခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့ စိတ်ထဲမှာတော့ အရှုံးနဲ့ မပြန်ချင်ဘူး။ မနက် စောစောထပြီး ပြန်ဆုတောင်းတယ်။ ဒီနေ့တော့ ဘုရားရှင် ကျွန်မကို အလုပ်ရှင် ပေးပါလို့ ဆုတောင်းပါတယ်။။ မနက်ပိုင်း ၈နာရီမှာ အားလုံး ပွဲစား ရုံးကိုသွားရတယ်။ အလုပ်ရှင်တွေလဲ လာအင်တာဗျူးကြပါတယ်။ ဒါပေမဲ့ ကျွန်မ မပါပါဘူး။ ကျွန်မကို ဘယ်သူက လာအင်တာဗျူးမလဲလို့ စောင့်မျှော် နေလိုက်ရတာ ခေါင်းပြတ်ထွက် မတတ်ပါဘဲ။

ကျွန်မလဲ တော်ပြီ။ ဘုရားသခင် ဒီနေ့နောက်ဆုံး ဖြစ်သလို ဒီတစ်ခါ ဆုတောင်းတာဟာလဲ ကျွန်မရဲ့ နောက်ဆုံးဆုတောင်းခြင်းပါဘဲ။ ဘုရားသခင်ဟာ တကယ်ရှိတယ်ဆိုရင်တော့ ကျွန်မ ဆုတောင်းသံကို နားညောင်းပြီး ကျွန်မအတွက် အိမ်ရှင်ပေးပါ။ အလုပ်ပေးပါ။ မပေးရင်တော့ နောက်ဆို ကျွန်မ ကျမ်းစာလဲ မဖတ်တော့ဘူး။ ဆုလဲ မတောင်းတော့ဘူး လို့ ပြတ်ပြတ်သားသား ကျွန်မ ဆုတောင်းခဲ့ပါတယ်။ ဒါပေမဲ့ နေ့လည် ထမင်း စားချိန် ရောက်တဲ့အထိ ဘာမှ မထူးခြားပါဘူး။ ညနေသုံးနာရီ ထိုးတဲ့အခါ ကျွန်မ စိတ်ခါတ်ကျနေပါပြီ။ ခနနေတော့ ဖုန်းလာတယ်။ Jurong East ဘက်က ပွဲစားက ကျွန်မကို တွေ့ချင်တဲ့သူရှိတယ်။ သူ့ဆီ လွှတ်ပေးပါလို့ ကျွန်မ ပွဲစားဆီ ဖုန်းဆက်လာပါတယ်။ ကျွန်မ ပွဲစားက ဒီတစ်ခါတော့ OK အောင် လုပ်ပါလို့ ကျွန်မကို ပြောပါတယ်။ ဟိုကို ရောက်သွားတော့ ကျွန်မကို အများကြီး မေးပါတယ်။ ကလေးထိန်းတဲ့ အလုပ် လုပ်ရမယ်တဲ့၊ ဘုရားသခင်က ဒီ တစ်ခေါက်လဲ အလုပ် မရစေခဲ့ပြန် ပါဘူး။ ကျွန်မ မျက်လုံး ပြူးနေပါပြီ။ ညနေ ၆နာရီထိုးတော့ ပွဲစားက ရုံးပိတ်ချိန်ပြောင်းမယ်။ နောက်ဆို ၆နာရီ ပိတ်မယ်လို့ ပြောပြီး ကြော်ငြာ သတိပေးတဲ့ စာရွက်ကို အပြင်မှာ ကပ်ခိုင်းပါတယ်။ ကျွန်မ စာရွက် ကပ်ပြီး ပြန်ဖို့ ပွဲစားကို ထိုင်စောင့်နေတဲ့ အချိန်မှာ မိသားစု သုံးယောက် အသက် ၂၅ နှစ် အရွယ် သမီးလေး တစ်ယောက် နဲ့ ရောက်လာပါတယ်။ သူတို့က ကျွန်မကို လာ စကား ပြောပါတယ်။ နင် ငါတို့နဲ့ နေချင်သလား။ ငါတို့မှာ ကလေးငယ်လေးလဲ မရှိဘူး။ အဖိုးကြီး၊ အဖွားကြီးလဲ မရှိဘူး။ အလုပ်ကလဲ သိပ် မပင်ပန်းဘူး။ ပျော်ပျော် နေတာကိုဘဲ ငါတို့ ကြိုက်တယ်။ ပျော်ပျော် နေနိုင်မလားလို့ မေးပါတယ်။ ငါတို့ ကြိုက်တာ ပျော်ပျော် နေဖို့ဘဲလို့ ပြောပါတယ်။ ကျွန်မက ပျော်ပျော်နေဖို့ မခက်ပါဘူးလို့ ပြန်ဖြေ လိုက်တော့ ချက်ခြင်းဘဲ ကျွန်မကို သူတို့အိမ်မှာ ခေါ်ဖို့ လက်မှတ်ထိုး ပါတယ်။



အဲဒါတွေ အားလုံးဟာ ကျေးဇူးတော် သက်သက်ပါဘဲ။ ဘုရားသခင်ကို ကျွန်မ ပြန် တောင်းပန်ခဲ့ပါတယ်။ နောက်ဆိုရင် ဘယ်တော့မှ ဘုရား သခင်ကို စိန်မခေါ်တော့ပါဘူး။ အပြစ် မတင် တော့ပါဘူး။ လို့ အပြစ်တွေ ဝန်ချခဲ့ပါ တယ်။ အခုအချိန်မှာ ကျွန်မကို ဘုရားသခင် ရွေးချယ်ပေးတဲ့ အလုပ်ကို လုပ်ခွင့်ရခဲ့ပါတယ်။ ကောင်းကောင်းမွန်မွန် စားသောက်နေထိုင်တာ အားလုံးအဆင်ပြေတဲ့အပြင် အလုပ်ရှင်တွေကလဲ ကျွန်မကို သမီး တစ်ယောက်လို သဘောထားပြီး ကျွန်မ အပြစ်ကို အမြဲခွင့်လွှတ် ပေးတဲ့ သူတွေဖြစ်ပါတယ်။

ဒါ့ကြောင့် ဘုရားသခင်သာ ကျွန်မရဲ့ အကောင်းဆုံး လမ်းပြရှင် ဖြစ် တယ်ဆိုတာ အားလုံးကို သက်သေခံ ဝေငှလိုက်ပါတယ်။ အားလုံးကို ဘုရားသခင် အလိုတော်နဲ့ အညီ ကောင်းကြီးခံစားရပါစေ။ ။

## Easter (ချင်းတောင်တန်း)

**ထာဝရဘုရားကို ခိုလှုံသောသူတို့သည် မတုန်မလှုပ် အစဉ် အမြဲတည်သော ဇိအုန်တောင်ကဲ့သို့ ဖြစ်ကြ၏။ တောင်ရိုးတို့သည် ယေရုရှလင်မြို့ကို ဝန်းရံ သကဲ့သို့ ထာဝရဘုရားသည် မိမိလူတို့ကို ယခုမှ စ၍ ကာလ အစဉ်မပြတ် ဝန်းရံတော်မူ၏။ ဆာလံ ၁၂၅း ၁–၂**

---

## တည်ငြိမ်ခြင်း (May)

ကျွန်မ အသက်တာမှာ ဘုရားသခင်ရဲ့ ကြွယ်ဝသော ကောင်းကြီး မင်္ဂလာများစွာ ခံစားရရှိပါတယ်။ ကျွန်မမှာ ဘာကောင်းမြတ်ခြင်းမှ မရှိပါဘူး။ ဘုရားသခင် ကျွန်မ အပေါ်မှာ ထားတဲ့ သနားခြင်းကရုဏာ သက်သက်ကြောင့်သာ ကျွန်မ ခံစားရရှိတာပါ။ ဘုရားသခင်ရဲ့ ကောင်းမြတ်ခြင်းတွေကို ကျွန်မ အသက်တာမှာ ရေတွက် ချီးမွမ်းလို့ ကုန်မှာ မဟုတ်ပါဘူး။ ကျွန်မ အသက်တာမှာ ခွန်အားရစေတဲ့ တရားဟောချက် တစ်ခုအားဖြင့် ယုံကြည်သူတွေကို ပြန်လည်ဝေငှချင်ပါတယ်။ ကျွန်မ ခွန်အားရသလိုစာ ဖတ်သူတိုင်းလဲ ခွန်အားရမယ်လို့ ယုံကြည်ပါတယ်။



ဓမ္မရာဇဝင် ဒုတိယစောင် အခန်းကြီး ၁၁ နဲ့ ၁၂ ကို ဖတ်ကြည့် မယ် ဆိုရင် ဒါဝိဒ်မင်းကြီးရဲ့ အကြောင်းကို တွေ့ရမှာဖြစ်ပါတယ်။ ဒါဝိဒ် မင်းကြီးဟာ သူ့ ကျွန်ယွာဘနဲ့ စစ်သည်တော်တွေ စစ်တိုက် နေချိန်မှာ နန်းတော် ထဲမှာ ကျန်နေခဲ့ ပါတယ်။ တစ်နေ့ ဒါဝိဒ်မင်းကြီး နန်းတော် စင်္ကြံ့မိုးပေါ် အနားယူနေချိန်မှာ အဆင်းလှတဲ့ မိန်းမ တစ်ယောက် ရေချိုးနေတာ ကို တွေ့လိုက် ရပါတယ်။။ အဲဒီ မိန်းမ ဟာ ဘယ်သူလဲလို့ မေးလိုက်တဲ့ အခါ ဧလျံသမီး ဟိတ္တိ လူ ဥရိယရဲ့ မိန်းမ ဗာသရှေဘ ဖြစ်ကြောင်း သိ လိုက် ရပါတယ်။

ထိုမိန်းမကို ဒါဝိဒ်မင်းကြီးက မှားယွင်းခြင်း အမှုပြုလုပ် လိုက်ပါတယ်။ ဒီကိစ္စဟာ ဘုရားသခင်ရှေ့မှာ စက်ဆုတ်ရွံရှာစရာ ကောင်းတဲ့ အပြစ် ဖြစ်ပါ တယ်။။ ထာဝရဘုရားဟာ ပရောဖက် နာသန်ကို ဒါဝိဒ်မင်းထံ စေလွှတ်ပြီး ပုံပြင်လေးတစ်ပုဒ်နဲ့ သွန်သင်ခဲ့ပါတယ်။

မြို့တစ်မြို့မှာ သူဌေးတစ်ဦးနဲ့ အိမ်နီးချင်း ဆင်းရဲသား တစ်ဦး ရှိပါတယ်။ သူဌေးမှာ သိုးနွားတွေ မြောက်များစွာ ရှိပါတယ်။ ဆင်းရဲသားမှာ သိုးမလေးတစ်ကောင် မှတပါး အခြားမရှိပါဘူး။ အဲဒီ သိုးမလေးဟာ သူ့ သခင် ရဲ့ ကျွန်တွေနဲ့ အရမ်းခင်တယ်။ သခင်ရဲ့ ရင်ခွင်မှာ အိပ်ပြီး သမီး ကဲ့သို့ ဖြစ်ပါတယ်။ တစ်နေ့ သူဌေးရဲ့ အိမ်ကို ဧည့်သည်တစ်ဦး ရောက် လာတယ်။ သူဌေးဟာ သူ့မှာရှိတဲ့ သိုးနွားတွေကို သတ် ရမှာ နှမြော တဲ့အတွက် ဆင်းရဲသားပိုင်တဲ့ သိုးမလေးကို သတ်ပြီး ကျွေးလိုက်ပါတယ်။

ပုံပြင်ကို နားထောင်နေတဲ့ ဒါဝိဒ်မင်းကြီးဟာ ပုံပြင်ထဲက သူဌေးကို အရမ်းစိတ်ဆိုးသွားပါတယ်။ ထာဝရ ဘုရား အသက်ရှင်တဲ့အတိုင်း ဒီ သူဌေးဟာ အမှန် သေသင့်တယ်လို့ နာသန်ကို ပြန်ပြောလိုက်ပါတယ်။ ပရော ဖက် နာသန်ကလည်း ဟုတ်တယ် အဲဒီ သူဌေးဟာ အခြားသူ မဟုတ်ဘူး။ အရှင်မင်းကြီး ကိုယ်တိုင်ဘဲ ဖြစ်ပါတယ်လို့ ပြန်ပြော လိုက်ပါတယ်။ အဲဒီ အခါမှာ ဒါဝိဒ် မင်းကြီးဟာ သူလုပ်ခဲ့တဲ့ အပြစ်တွေကို တစ်ခုပြီး တစ်ခု ပြန်မြင်ပြီး အရမ်း နောင်တ ရခဲ့ ပါတယ်။ ထာဝရ ဘုရားသခင်ရဲ့ ရှေ့မှာ ကျိုးပဲ့ကြေမွတဲ့ နှလုံးသားနဲ့

ပြန်လည် တိုးဝင်ပြီး သူ့ရဲ့အပြစ်တွေကို ဝန်ချ တောင်းပန်တာကို တွေ့ရမှာ ဖြစ်ပါတယ်။

ကျွန်မတို့ ယုံကြည်သူတွေရဲ့ အသက်တာ မှာလည်း ဘုရားရှင်ရဲ့ မျက်မှောက်တော်မှာ မရှိရင် အမြဲတမ်း ပျာယာခတ် နေတဲ့ အသက်တာ ဖြစ်ပါတယ်။ ဘုရား သခင်ရဲ့ မျက်မှောက်တော်မှာ ရှိရင် တည်ငြိမ်တဲ့ အသက်တာ ရမှာဖြစ်ပါတယ်။ ဘယ်အရာမဆို တည်တည်ငြိမ်ငြိမ်နဲ့ တုန့်ပြန် တတ်ဖို့ ဘုရားသခင် အလိုတော်ရှိပါတယ်။

ဘုရားသခင်ရဲ့ သနားခြင်းကရုဏာတော်ဟာ ဘယ်တော့မှ မကုန်ပါဘူး။ နံနက်တိုင်းမှာ ကရုဏာ အသစ်ကို ပေးပါတယ်။ သစ္စာတော်ဟာ ကြီးမြတ်ပါတယ်။ ငြိမ်သက်ခြင်းဟာ ဘုရားသခင်ဆီကဘဲ လာပါတယ်။ ဘုရား သခင်ဟာ သူ့ သားသမီးတွေကို ဘယ်တော့မှ စိုးရိမ်ခြင်း မပေးဘူး။ တည်ငြိမ်ခြင်း အသက်တာကိုဘဲ အမြဲတမ်း ပေးတာကို တွေ့ရမှာ ဖြစ်ပါတယ်။ နောက်ဆုံးအနေနဲ့ ယုံကြည်သူတွေကို ကျမ်းစာ တစ်ပိုဒ် အားဖြင့် ခွန်အားပေးချင်ပါတယ်။ ။ **May**

**ငါတို့သည် ဝမ်းမြောက်စရာ သတင်းကို ထိုသူတို့ကဲ့သို့ ကြားရပြီ။ သို့ရာတွင် သူတို့ကြားရသော တရားစကားသည် ကြားရသော သူတို့ အထဲ၌ ယုံကြည်ခြင်းနှင့် မရောနှောသောကြောင့် အကျိုးကိုမပေး။ ဟေဗြဲ ၄း၂**

(ဝန်ခံချက်။ အသက်တာ တစ်လျှောက်လုံး အဆင်ပြေ သက်သာစွာဖြင့် အလုပ်လုပ်ကိုင်ခွင့် ပေးတဲ့ဘုရားသခင်ရဲ့ ကျေးဇူးတော်ကိုချီးမွမ်းလျှက် ၂နှစ်ပြည့် အမှတ်တရ ရေးသားပါသည်)

---

## သက်သေခံချက် သေးမျှင်(တောင်ငူ)

သက်သေခံ မဝေငှခင် ရှေးဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ သခင့်စကားဝိညာဉ်ရေးရာစာစောင်မှာ သက်သေခံဝေငှခွင့်ကို ပြင်ဆင်ပေးတဲ့အတွက် အထူးကျေးဇူးတင်မိပါတယ်။ ဘဝမှာ ခံစားရတဲ့ ကောင်းကြီးတွေ အတွက် သက်သေခံမယ်လို့ စိတ်ကူးမိပါတယ်။ ဒါပေမဲ့ အကြောင်းကြောင်းကြောင့် မခံဖြစ်ခဲ့ပါဘူး။ အခု စင်ကာပူရောက်လာတော့ သခင့်စကား စာစောင်ဖတ်ရတယ်။ အဲဒီကမှတဆင့် သက်သေခံခွင့်ရတယ်။ မြန်မာပြည်မှာရှိစဉ်က သက်သေခံဖို့ အခွင့်ရှိပေမဲ့ မခံဖြစ်ခဲ့ပါဘူး။

ကျွန်မ အသက်တာမှာ စင်ကာပူနိုင်ငံ ရောက်လာဖို့ အိမ်မက်ထဲတောင် မမက်မိခဲ့ပါဘူး။ ကျွန်မနဲ့ ဒီလို နိုင်ငံ မထိုက်တန်ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မက ရှက်တတ် ကြောက်တတ်တယ်။ ဘာသာစကားလဲ မပြောမဆိုတတ်၊ အေးတိအေးစက် ပုံစံနဲ့ လူတော မတိုးဘူးလို့ ဆိုရမှာ ဖြစ်ပါတယ်။ ကျွန်မ ပုံစံကိုကြည့်ပြီး လူတော်တော်များများက "နင့်ပုံစံနဲ့ မဖြစ်နိုင်ဘူး"တဲ့။ ကျွန်မလဲ သိပါတယ်၊ ကျွန်မ ပုံစံနဲ့ နိုင်ငံခြားသွားဖို့ မဖြစ်နိုင်ဘူးဆိုတာ။ အဲဒါကို သိလို့လဲ မလာချင်ပါဘူး။ အဒေါ်တွေက ဘဝတိုးတက်ဖို့အတွက် လာဖို့ တိုက်တွန်းတယ်။ ကျွန်မက မသွား ချင်ဘူးလို့ပြောတော့ အဒေါ်က စိတ်ဆိုးပြီး စကား မပြောဘဲနေခဲ့တယ်။ အဒေါ် စကားမပြောတော့ စိတ်မကောင်းဘူး။ ပြန်စဉ်းစား ကြည့်တော့လဲ ဟုတ်ပါတယ်လေ။ ဘဝမှာ ဒီအတိုင်းဆက်နေသွားလို့မှ မဖြစ်တာ၊ မိဘ တွေကလဲ ရှိသေးတယ်။ အဒေါ်နဲ့ အမြဲ ဒီလိုနေလို့ မဖြစ်ဘူး။ မိဘတွေ ကလဲ အသက်ကြီးပြီဆိုတော့ သူတို့ အတွက် ကိုယ်မှ မစွန့်စားရင် ဘယ်သူက သူတို့ကို ကြည့်မှာလဲ ဆိုပြီး စင်ကာပူကို လာ အလုပ်လုပ်ဖို့ ဆုံးဖြတ် လိုက်ပါတယ်။



ကိုယ့်အကြောင်း ကိုယ်သာသိမို့ မလာခင်၊ ဘုရား သခင်ဆီမှာ ဆုတောင်းခဲ့တယ်။ ဘဝ တိုးတက်မှုရှိရင် လာနိုင်ဖို့ ဆုတောင်းတယ်။ တိုးတက်မှု မရှိရင်တော့ မလာနိုင်ဖို့ ဆုတောင်းခဲ့ပါတယ်။ စင်ကာပူနဲ့ ပါတ်သက်လို့ ကြား ရတဲ့ သတင်း တွေကတော့ ၁၀၀ မှာ ၉၉ ရာခိုင်နှုန်းက အဆိုးတွေ ချည်းဘဲဆိုတော့ ကြောက်မိတယ်။ မိဘ အတွက်ဆိုတော့လဲ ကြောက်စိတ်ကို ဖယ်ပြီး စွန့်စားဖို့ ဆုံးဖြတ်လိုက်တယ်။ ဘုရားနဲ့ သွားရင် ဖြစ်တယ် ဆိုတဲ့ ယုံကြည်ချက် တစ်ခုတည်းနဲ့ ထွက်လာခဲ့ပါတယ်။ ကျေးဇူးတော်ကြောင့် ဘာ အခက်အခဲမှ မရှိဘဲ အဆင်ပြေ ချောမောစွာနဲ့ ရောက်လာ ခဲ့ပါတယ်။ ရောက်တာနဲ့ အလုပ် တန်းဝင်ရတယ်။ အင်တာဗျူးဝင်စရာ မလိုဘဲ ဘုရားသခင် ပြင်ဆင်ပေးမှုကြောင့် အလုပ်တန်း ရခဲ့ပါတယ်။

အဖွားကြီး ကို အဓိက ထားကြည့်ရပြီး အိမ်အလုပ်ကို လက်လှမ်းမှီသလောက် လုပ်ပေး ရပါတယ်။ ဒါပေမဲ့ အဖွားကြီးက ဆိုးတယ်။ ကုတ်ချင် ဖဲ့ချင်စိတ် ရှိတယ်။ ကိုယ်က အရှောင် မကောင်းရင် သူပြုသမျှ နံ ရပြီသာမှတ်။ ရှောင်လို့လဲ မရဘူးလေ။ ရှောင်ရင် သူ ပြုတ်ကျသွားမှာမို့ ခံနေရပါတယ်။ အလုပ် လုပ်ပြီ ဆိုတာနဲ့ ဘဝရဲ့ မုန်တိုင်းဒဏ်ကို စပြီး ခံရပါတော့တယ်။

အဲဒီမုန်တိုင်းဒဏ်ကြောင့် ဘုရားနဲ့ ဆက်ကပ်မှု ပိုတိုးလာခဲ့ပါတယ်။ ကျမ်းစာဖတ်ရမှန်းလဲ သိလာခဲ့ပါတယ်။ မြန်မာပြည်မှာတုံးက ဆက်ကပ်ဖို့ မပြောနဲ့ တစ်ပါတ်တစ်ခါ ဘုရားကျောင်းတောင် မမှန်ခဲ့ပါဘူး။ နောင်တက နောက်မှ ရခဲ့ပါတယ်။ စင်ကာပူမှာ တနင်္ဂနွေနေ့ကို အမြဲ စိုးရိမ် ပူပန်မှုတွေနဲ့ ဖြတ်သန်းခဲ့ရပါတယ်။ ရက်တွေ လတွေ ကြာလာတော့ ကျွန်မ ထင်ထားခဲ့တဲ့ အတိုင်းဘဲ။ အစတုံးကတော့ ကျွန်မကို ဘာမှ မပြောကြပေမဲ့ နောက်ပိုင်းမှာတော့ ကျွန်မရဲ့ ပုံစံကို အလုပ်ရှင်က မနှစ်သက်ကြတော့ပါဘူး။ အမြဲဘဲ အဆူခံထိသလို အဖွားကြီးက ဝုန်းဒိုင်းကြဲပြီး ဆူပူတာကတမျိုး၊ အလုပ်ရှင် ဆရာမက ဆူပူသောင်းကျန်းတာက တမျိုး နဲ့ ဘဝကို စိုးရိမ်မှုနဲ့ တစ်ရက်ပြီး တစ်ရက် မျက်ရည်ပေါင်းများစွာနဲ့ ကျော်ဖြတ် ခဲ့ရတယ်။ ရွှေသမင် အလိုက်မှားသလို ဒေါ်လာ အလိုက်မှားလို့ ဒေါ်လာ ကြောင့် အရင်တုံးက ဝဖြိုးနေတဲ့ ကိုယ်ခန္ဓာဟာ အခုတော့ ဒေါ်လာ စားလို့ အကြောထောင် အရိုးပေါ် လို့နေခဲ့ရပါတယ်။ ရွာပြန်လို့ကလဲ မဖြစ်၊ မြန်မာပြည်က ပွဲစားအကြွေး။ စင်ကာပူက ပွဲစားအကြွေးတွေ ပြန်ဆပ်ရမှာမို့ ဖြစ်သမျှကို အဆိုးထဲက အကောင်းဘဲဆိုပြီး အရာအားလုံး ဘုရားလက်ထဲ အပ်နှံပြီး ရှေ့ဆက်သွားခဲ့ရပါတယ်။

နေ့ရက်လတွေ အမြန်ကုန်ဖို့ ဆုတောင်းနေခဲ့မိတယ်။ အိမ်ရှင်တွေ မနက် အလုပ်သွားရင် အဖွားကြီးနဲ့ နှစ်ယောက်တည်းကျန်ခဲ့ရတယ်။ အလုပ်လုပ်ရင် ရယ်လိုက် ငိုလိုက်နဲ့ ဘဝကို ဖြတ်သန်းခဲ့ရတယ်။ လှောင်အိမ်ထဲမှာ ပိတ်လှောင်မိနေတဲ့ ငှက်ကလေး တစ်ကောင်လို ကိုယ့်ကိုယ်ကို ခံစားမိပါတယ်။ သူငယ်ချင်း တွေနဲ့ အဆက်အသွယ်ရတော့ သူတို့ Day off ထွက်ခွင့်ရသလို ကိုယ်လဲ တစ်လ တစ်ခါ ထွက်ချင် လာခဲ့တယ်။ ညတိုင်း ဆုတောင်းရင် Day off ရဖို့ဘဲ ဆုတောင်းမိခဲ့တယ်။ မျှော်လင့်ချက်တော့ မရှိခဲ့ပါဘူး။ အဖွားကြီးကို ကြည့်ရတော့ ထွက်ဖို့ လမ်းမမြင်ဘူးလေ။ မသဲ ၇း၇ အတိုင်းဘဲ တောင်းလျှင် ရမည် ဆိုတဲ့အတိုင်း တောင်းကြည့်ခဲ့ပါတယ်။ အံ့သြဘွယ်ရာ ပါဘဲ။ ထွက်မြောက် ခွင့် ဘုရားသခင် ပြင်ဆင်ပေးခဲ့ပါတယ်။

တစ်နေ့ အဖွားကြီး ကျွန်မရဲ့ ဆံပင်ကို ဆောင့်ဆွဲခဲ့ပါတယ်။ ဝမ်းနည်းပြီး မျက်ရည်ကျမိပါတယ်။ ဘုရားဆီမှာ မျက်ရည်ကျစွာနဲ့ "အဘ သမီး ဒီလိုသာ ဆက်ပြီး ရင်ဆိုင်ကြုံတွေ့ရမယ်ဆိုရင် ကျွန်မ မခံစားနိုင်တော့ဘူး။ တကယ်လို့ သမီး အပြစ်ကြောင့် ဆိုရင်လဲ ဒီလောက်နဲ့ဘဲ ကျေပါစေ။ သမီး ခံစားရတဲ့ အဖြစ်မျိုး ဘယ်သူ့ကိုမှ မခံစား မကြုံတွေ့ရပါစေနဲ့လို့ ဆုတောင်းတဲ့အခါ ကျွန်မ တကယ်မခံစားနိုင်မှန်း ဘုရားက သိလို့ နောက်နေ့မှာဘဲ အဖွားကြီးကို လူအိုရုံပို့လိုက်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဆရာမက သူ့ရောဂါကြောင့် ခွဲစိတ်ကုသမှု ခံရမှာမို့ ၆လ အနား ယူရမှာ ဖြစ်တဲ့အတွက် အဖွားကြီးကို လူအိုရုံ ခန သွားပို့လိုက်တာ ဖြစ်ပါတယ်။ တစ်မျိုး သက်သာပေမဲ့ တစ်မျိုး မသက်သာခဲ့ပြန်ပါဘူး။ အလုပ်ကို ပိုလုပ်ခဲ့ရပါတယ်။ ဒါပေမဲ့ ကျေးဇူးတော်ကြောင့် Day off ထွက်ခွင့်ရခဲ့ပါတယ်။ ဘုရားကျောင်း တက်ခွင့်၊ ပွဲတော်စားခွင့် ရခဲ့ပါ တယ်။ တတ်နိုင် သမျှ ဘုရားအတွက် ဆက်ကပ်ခဲ့ပါတယ်။

ကျမ်းစာဖတ်ရွတ်ခြင်းဖြင့် ဘုရား ဝတ်မှာ မွေ့လျော်ခဲ့ပါတယ်။ အလုပ်ရှင် ဆရာမကလဲ အဖွားကြီး မရှိတော့ ဒေါသက အမြဲလိုလို ကျွန်မအပေါ်မှာဘဲ ကျခဲ့တယ်။ တစ်ခါတစ်ခါ သူ ဆူပူ ကျိန်းမောင်းရင် လောကမှာ မနေချင်တော့ လောက်အောင် ကျွန်မ စိတ်ဓါတ် ကျခဲ့ပါတယ်။

ဒါပေမဲ့ အသက်တာမှာ ကျမ်းစာဖတ်တော့ ကျမ်းစာက သွန်သင်ပါတယ်။ လမ်းပြ ခွန်အားပေးတဲ့အတွက် အရာအားလုံး အပေါ်မှာ ရှင်မာကု ၁၀း၂၇က ဖော်ပြ တဲ့အတိုင်းဘဲ အလုံး စုံကို တတ်နိုင်တဲ့ ဘုရားဆီမှာဘဲ အပ်နှံ ဆက် ကပ် သွားတဲ့အခါ ရက်တွေ လတွေကို ဖြတ်ကျော်လာနိုင်ခဲ့တာ ဒီနေ့ အထိပါဘဲ။ ကျမ်းစာ ဖတ်ခြင်း အားဖြင့် ဘုရားသခင်ရဲ့ လေး နက်တဲ့ မေတ္တာကို ပိုသိလာ ခဲ့ရပါ တယ်။ ယောရှု ၁း၈ မှာဖော်ပြထားတဲ့အတိုင်း ကျမ်းစာကို နေ့ည မပြတ် ကြည့်ရှု ဖတ်ရှုခြင်းအားဖြင့် ဘဝရဲ့ အောင်မြင်မှု ကို ရနိုင်လာ ခဲ့ပါ တယ်။

ကျွန်မရဲ့ အလုပ်ရှင် ဆရာမကလဲ ခရစ်ယာန် တစ်ယောက်ဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ အပြုအမူက သူ့ထက် သာတဲ့ သူတွေ အပေါ်မှာ ကောင်းမွန်နေခဲ့ပေမဲ့ သူ့ထက်နိမ့်ကျတဲ့ ကျွန်မတို့အပေါ် မှာတော့

ကြမ်းတမ်း ခဲ့ပါတယ်။ မောက်မာခဲ့ပါတယ်။ ခရစ်ယာန်ဖြစ်ပြီး ဒီလို ကြမ်းတမ်း ရကောင်းလားဆိုပြီး ကျွန်မ သင်ခန်းစာ ရခဲ့ပါတယ်။

သားသမီး မကောင်း မိဘခေါင်း ဆိုသလိုပါဘဲ။ ခရစ်ယာန် မကောင်းတော့ ခရစ်တော် ခေါင်းပေါ်ကျခဲ့ပါတယ်။ ခရစ်ယာန် မှန်ရင် ခရစ်တော်ရဲ့ ပုံသက်သေအတိုင်း လိုက်လျှောက် အသက်ရှင်ဖို့ သင်ခန်းစာ ရခဲ့ပါတယ်။ အသက်တာမှာ ဘယ်လို အခက်အခဲနဲ့ ကြုံရပါစေ၊ စိတ်ဓါတ်ကျဆင်းခြင်း မရှိဘဲ ဘုရားသခင်ဆီမှာ တောင်းခံ ရရှိနိုင်ပါတယ်။ အသက်တာမှာ ကျမ်းစာဖတ်ခြင်းဖြင့် အလိုတော်ကို ဝန်ခံလျှက် ဘဝကျေနပ်မှုကို ရယူနိုင်ပါစေလို့ ခွန်အားပေး သက်သေခံ ဝေငှလိုက်ပါတယ်။ အယောက်စီတိုင်းပေါ် ဘုရားသခင် ကောင်းကြီးပေးပါစေ။ အာမင်။

**သေးမျှင်(တောင်ငူ)** ရှင်ယောဟန် ၁၆း၂၄ ယခုတိုင်အောင် ငါ၏နာမကို အမှီပြု၍ သင်တို့သည် အဘယ်ဆုကိုမျှ မတောင်းကြသေး။ သင်တို့သည် ဝမ်းမြောက်စရာ အကြောင်း စုံလင်စေခြင်းငှာ တောင်းကြလော့၊ ထိုသို့ တောင်းလျှင် ရကြလိမ့်မည်။

---

## သူသည်သေသော်လည်းတရားဟောသေး၏ .(KZMO)



ခရစ်တော်၌ အိပ်ပျော်သွားခဲ့သော ဆရာများသည်၊ သေသော်လည်း တရားဟောနေဆဲပင်ဖြစ်သည်။ ထိုဆရာများအနက် ဆရာကြီး သုံးဦး၏ မိန့်မှာ သွန်သင်ချက်များကို ပြန်လည်ဝေငှ လိုပါသည်။

တိုင်းရင်းသာသနာပြု ဆရာတော်ကြီးဖြစ်သော ဆရာတော် သရာမူးလယ်၏ တရားဒေသနာကို ကြားခဲ့စဉ်က သူပြောခဲ့သည်မှာ "ချစ်သောညီအစ်ကို မောင်နှမအပေါင်းတို့ သခင်ခရစ်တော်အတွက် ဘာဘဲ လုပ်ရ လုပ်ရ အမြဲတမ်း အသင့်ဖြစ်အောင် ပြင်ဆင်ထားပါ" လို့ မှာကြားနေတုံးဘဲ လို့ ခံစားနေမိပါတယ်။

နောက်တစ်ဦးကတော့ မျက်စိ၊ နား၊ နှာခေါင်း အထူးကု ဆရာဝန်ကြီး ဒေါက်တာ ဦးမောင်မောင်မြင့် ရဲ့မှာကြားချက် ဖြစ်ပါတယ်။ "သင်တန်းသူ သင်တန်းသားအပေါင်းတို့ ဆုတောင်းခြင်းဟာ ဘယ်လောက် အရေးကြီးသလဲ ဆိုရင် လွယ်လွယ်နဲ့ တစ်သက်လုံး မှတ်မိအောင် ပြောမယ်။ အောက်စီဂျင် ပါတဲ့ လေကို မှန်မှန်ရှူမှ ခန္ဓာကိုယ် ကျန်းမာ အသက်ရှင်စေသလို အသက်ရှူခြင်းကို ရပ်ထားလို့ မရဘူး။ ဆုတောင်းခြင်းဟာလည်း မိမိ ဝိညာဉ် ကျန်းမာရှင်သန်ဖို့ ဝိညာဉ်ခွန်အားအတွက် အသက်ရှူခြင်းဘဲ ဖြစ်တယ်။ ငါဟာ ဘုရားကြိုက်တဲ့ လူမှုရေးတွေ လုပ်တာဘဲဆိုပြီး ဆုတောင်းခြင်းကို လျော့ထားလို့ မရဘူး။ ပိုပြီး အလုပ်လုပ်လေ၊ ပိုပြီး ဆုတောင်းရလေဘဲ" လို့ မှာကြားနေတုံးဘဲလို့ ခံစားမိပါတယ်။

နောက်တစ်ဦးက ဒသနိက ပါမောက္ခ ဆရာဦးခင်မောင်ဒင်က ဒီလို မိန့်ကြားခဲ့ပါတယ်။ "သင်တန်းသူ သင်တန်းသားတို့ သင်တို့ဟာ Noun ခရစ်ယာန်လား။ Adjective ခရစ်ယာန်လား။ လို့မေးရင် ဘယ်လို ဖြေမလဲ။ Noun ခရစ်ယာန်ကတော့ အမည်ခံ ခရစ်ယာန် အသက်တာဘဲဖြစ်တယ်။ Adjective ခရစ်ယာန်ကတော့ (နာမ်ကို အထူးပြုတဲ့ နာမ ဝိသေသနပေါ့) ဒါ့ကြောင့် Adjective ခရစ်ယာန်ဆိုတာ ခရစ်ယာန် အသက်တာကို ပိုမို ထူးခြားလေးနက်စေတဲ့ အသက်တာဘဲ ဖြစ်တယ်။ အားလုံး Adjective ခရစ်ယာန် ဖြစ်နိုင်ကြပါစေ"လို့ မှာကြားခဲ့သည်ကို နားထဲမှာ ကြားယောင် နေဆဲဖြစ်ပါတယ်။

အထက်မှ ဆရာကြီးများ သွန်သင်ခဲ့သည့်အတိုင်း ခရစ်ယာန် အသက်တာကို ပိုမို ထူးခြားလေးနက်စွာ အသက်ရှင်နိုင်ကြပါစေ။ ခရစ်တော်အတွက် ဘာဘဲ လုပ်ရလုပ်ရ၊ အမြဲတမ်း အဆင်သင့် ပြင်ဆင်ပြီးသား ဖြစ်နိုင်ကြပါစေ။ ဆုတောင်းခြင်းကို အသက်ရှူသကဲ့သို့ မရပ်ထားဘဲ မနားတမ်း ဆုတောင်းနိုင်ကြပါစေကြောင်း ခရစ်တော်၏မြတ်သော နာမဖြင့် ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ။

ထူးခြားသော ဝိသေသဖြင့် ရှင်သန်းချမ်းမြေ့ကြပါစေ။ **(KZMO)**

## ကျွန်တော်နှင့်မျက်ရည်–၃ သက်သေခံချက် (မင်းအောင်သက်လွင်)

***နိဒါန်း*** ကျွန်တော် နေထိုင်ရာ (–)မြို့ကနေ ရန်ကုန်မြို့ထဲကို သွားဖို့ရန်အတွက် (–) ဆူးလေ ဘတ်စ်ကား တစ်စီး ပေါ်တက် လာခဲ့ပါတယ်။ အဆင်ပြေချင်တော့ ကား ပြူတင်းပေါက်နဲ့ ကပ်လျှက်ခုံမှာ ထိုင်စရာ နေရာ ရ တာမို့ ကိုယ်ကို ခပ်လျော့လျော့ ထိုင်ရင်း လိုက်ပါ လာခဲ့ပါတယ်။ ခရီးစဉ်က နာရီဝက်ကျော် ကြာမှာမို့ ကျွန်တော့် စိတ်တွေက ဟိုး – လွန်ခဲ့တဲ့ နှစ် အနည်းငယ်က အဖြစ်အပျက်လေးဆီကို ပြန် ပြောင်း စဉ်းစား သတိရနေမိ ပါတော့တယ်။

***အခန်း(၁)*** "ဟေး–ဆရာ လာပြီဟေ့" လမ်းချိုးထဲကို ကွေ့ဝင်လိုက်တာနဲ့ အော်ပြီး ကျွန်တော့်ဆီ ပြေးလာတဲ့ ကလေးတစ်သိုက်ကို တွေ့လိုက်ရပါတယ်။ စုစုပေါင်း ၈ယောက်လောက် ရှိပါတယ်။ အားလုံးဟာ အသက် ၅ နှစ်သား လောက်ကနေ ၁၂ နှစ်နီးပါးရှိတဲ့ ကလေးတွေ ဖြစ်ပါတယ်။ သူတို့ နေတဲ့ နေရာက ရန်ကုန်တိုင်းထဲက (–) ဆေးရုံ ဝင်း ထဲမှာပါ။ သူတို့ရဲ့ မိဘ တွေ ကတော့ အဲဒီ ဆေးရုံက ဝန်ထမ်းတွေ ဖြစ် ပါတယ်။

ဆေးရုံဝန်ထမ်း ဆိုလို့ သူနာပြုတို့၊ ဆရာဝန်တို့၊ ဆေးစပ်ဆရာ တွေလို့တော့ မထင်လိုက်ပါနဲ့။ သူတို့ မိဘတွေက ဆေးရုံကြီးရဲ့ မရှိမဖြစ် သန့်ရှင်းရေးလုပ်သား၊ ညစောင့် ဒရဝမ်၊ အဝတ်လျှော် အလုပ်ကို လုပ်ရတဲ့ သူတွေ ဖြစ်ပါတယ်။ ဆေးရုံ အနောက်ဘက် ဝင်းထဲမှာ သူတို့ နေဖို့ ဝန်ထမ်း တန်းလျားလေးတွေ ဆောက်ထားပါတယ်။ ဆယ်ပေပတ်လည် ဝန်းကျင် အိမ်ခန်းလေး တစ်ခန်းကို တစ်မိသားစု တစ်ခန်းနေရပါတယ်။။

ပြီးခဲ့တဲ့ အပါတ်ကမှ ကျွန်တော် ဒီနေရာလေးမှာ ဆန်းဒေးစကူး သင်ဖို့ အကူအညီ တောင်းခြင်း ခံရတဲ့အတွက် လာခဲ့တာဖြစ်ပါတယ်။ (သင်နေကျ ဆရာမက အိမ်ထောင်ကျ သွားတဲ့အတွက် လာမသင်နိုင် တော့ပါ)။ ပြီးခဲ့တဲ့ အပါတ်ကတော့ မိတ်ဆက်တဲ့ သဘောမျိုးနဲ့ လာခဲ့ပြီး။ ဒီတစ်ပါတ်မှာတော့ ကျမ်းစာ တကယ်သင်မှာ ဖြစ်တဲ့အကြောင်း တာဝန်ရှိတဲ့ သူတွေကို လာပြောထားခဲ့ပြီး ဖြစ်ပါတယ်။ ဆရာအသစ် လာမှာ ဖြစ်လို့ ကလေးတွေ အချင်းချင်း သတင်း ပေးထားကြပြီး ဒီ တစ်ပါတ် ကျွန်တော်လာမဲ့ ကားဂိတ်မှာ မနက် အစောကြီး ကတည်းက ကြိုဆိုဖို့ လာစောင့် နေကြတာဖြစ်ပါတယ်။ (ဆရာအသစ် ဆိုတာ ဘယ်လို ပုံစံ လဲ၊ ချောသလား။ သဘောကောင်းသလား၊ သူတို့ကို ချစ်တဲ့သူလား ဆိုတာကို ကလေးပီပီ စပ်စုချင်လို့ပါဘဲ)



ပြီးခဲ့တဲ့ အပါတ် ကျွန်တော် လာတုံးက မြင်ဖူးထားတဲ့ ကလေးတွေက မမြင်ဖူးတဲ့ ကလေးတွေကို ဆရာကြီးလုပ်ပြီး ပြဖို့ ခေါ်လာ ကြတာဖြစ်ပါတယ်။

ကလေး တော်တော် များများဟာ အင်္ကျီပါတဲ့ ကလေးက ဘောင်းဘီ မပါပါဘူး။ ဘောင်းဘီပါတဲ့ ကလေးက အင်္ကျီဝတ် မထား ကြပါဘူး။ အသက်ကြီးတဲ့ ကလေးတွေ ကတော့ အင်္ကျီတွေ၊ ဘောင်းဘီတွေ စကတ် တွေ ကိုယ်စီ ဝတ်ထားကြပေမဲ့ အရောင်မပေါ် ချေးအထပ်ထပ်နဲ့ စုတ်ပြတ်နေတဲ့ အဝတ်အစား တွေဘဲ ဖြစ်ပါတယ်။။ နောက်တစ်ခု ထူးခြား တာက ကလေးတိုင်းလိုလိုဟာ ဝဲယားနာ တစ်မျိုးမျိုး ပေါက်နေကြပါတယ်။ အဲဒီလို ချေး အထပ်ထပ် နဲ့ ညစ်ပတ်ပြီး ဝဲတွေ ယားနာ တွေ ပေါက်တဲ့ လက် စိုထန်းထန်းကြီးတွေနဲ့ ကျွန်တော့် လက်ကို ဝိုင်းဆွဲကြပါတယ်။

***အခန်း(၂)*** နောက်တစ်နေ့မှာတော့ ကလေးတွေ လိုအပ်တဲ့အရာတွေကို ဘုရား သခင်ဆီမှာ ဆုတောင်းခံတတ်ဖို့ ကျမ်းစာနဲ့ အညီ သွန်သင်ပေးခဲ့ပါတယ်။ နမူနာအနေနဲ့ တစ်ယောက်ချင်းဆီ လိုအပ်တဲ့ အရာကို အဲဒီနေ့မှာဘဲ ဆုတောင်း စေခဲ့ပါ တယ်။ ကလေးတော်တော်များများက အင်္ကျီ လှလှ၊ ကျောင်းဝတ်စုံ၊ ဖိနပ်၊ စာအုပ်၊ ခဲတံ၊ ကွန်ပါဗူးစတဲ့ အရာတွေကို တောင်းကြ ပါတယ်။ ကစားစရာ၊ မော်တော်ကား လှလှ၊ အရုပ်လှလှ တောင်းတဲ့ သူ တွေလဲ ရှိပါတယ်။ နောက်တစ်ပါတ်ကျရင် ကိုယ် တောင်း ထားတဲ့ ဆုကို ဘုရား သခင်က အဖြေခဲ့ပေးရင် သက်သေပြန် ခံရမယ်လို့ လဲပြောထား ခဲ့ပါ တယ်။

***အခန်း(၃)*** ထုံးစံအတိုင်း ဆန်းဒေးစကူးလ် အစမှာ အဖွင့် ဆုတောင်း ချီးမွမ်း သီချင်း ဆိုပြီးတဲ့အခါ အရင် အပါတ်က ဆုတောင်းခံခဲ့တဲ့ သူတွေ ထဲက အဖြေရတဲ့ သူ။ ဘုရားသခင်က ကိုယ် တောင်းထားတဲ့ ဆုကို ပေးတဲ့ သူရှိရင် အားလုံးရှေ့မှာ သက်သေခံပါလို့ ပြောလိုက်တဲ့အခါ။ အခန်းထောင့် ချောင်ကျကျနေရာကို မှောင်ရိပ်ကွယ်ပြီး ထိုင်နေတဲ့ အသက် ၁၂နှစ်အရွယ် ကောင်လေးတစ်ယောက် မတ်တပ် ထရပ်ပါတယ်။ "သား

နာမည် ဘယ်လိုခေါ်လဲ” “ကျီးဖြူ ပါ” “ဘာ” ကျွန်တော် သိပ်နားမလည်လို့ နောက် တစ် ခေါက် ထပ်မေး လိုက်ပါတယ်။ ကလေးက အ ထစ် အ ထစ်နဲ့ “ကျ–ကျိ– ကျီး– ကျီးဖြူပါ” လို့ ထပ် ဖြေပါတယ်။ ဘေးနား က ကလေး တွေကပါ “ကျီးဖြူ–ကျီးဖြူ–ကျီးဖြူ” လို့ အားပေးတဲ့ အနေနဲ့ ဝိုင်းအော် ကြပါတယ်။ “ကဲ–သား ဆုတောင်း ခဲ့တာလေးကို ဘုရားသခင်က ဘယ်လို အဖြေ ပေး ခဲ့တယ်ဆိုတာ သက်သေခံပြပါအုံး” လို့ ကျွန်တော်က အခွင့်ပေး လိုက်တဲ့ အခါ၊ ကျီးဖြူက ပရိတ်သတ်ရှေ့ကို တည့်တည့်မရပ်ဘဲ ပေစောင်းစောင်း ရပ်ပြီး မျက်လုံးကလဲ လူတွေကို မကြည့်ဘဲ အခန်းနံရံကို ကြည့်ပြီး (ရှက် သောကြောင့်) ပြောပြ ပါတယ်။

“ကျွန်တော် မနေ့က အမေ့အိမ် စားစရိတ်ရဖို့ ပလပ်စတစ် သွားကောက် ပါတယ်။ ခွေးတွေပေါတဲ့ သူဌေးအိမ် များတဲ့ လမ်းထဲကို သွားကောက် တဲ့အခါမှာ လမ်းထိပ် အမှိုက်ပုံနားမှာ သူများပစ်ထားတယ်လို့ ထင်ရတဲ့ ဖိနပ် တစ်ရံကို တွေ့လိုက်ရပါတယ်။ ဖိနပ် သဲကြိုး တစ်ဘက် ပြတ်နေ တာက လွဲရင် တော်တော်လေး ကောင်းနေပါသေးတယ်။ ပထမတော့ ကောက်ပြီး ယူသွားဖို့ လုပ်မိပေမဲ့ ကျမ်းစာ သင်ပေးတဲ့ ဆရာတွေရဲ့ သွန်သင်တဲ့ စကား အရ သူများဥစ္စာ မခိုးရလို့ သင်ပေးတာကို မှတ်မိလို့ ဖိနပ် ခိုးတယ်လို့ အထင်ခံရမှာစိုးလို့ ပိုင်ရှင် ဘယ်သူလာယူမလဲ ဆိုပြီး တနေကုန် နီးပါး ထိုင်စောင့် နေခဲ့ပါတယ်။ ညနေပိုင်း လောက်ရောက်တော့ ဘယ်သူမှ လာ မယူတဲ့အတွက် သူများ လွှင့်ပစ် ထားတယ်လို့ ယူဆပြီး ဖိနပ်ကို အိမ်ပြန် ယူလာ ခဲ့ပါတယ်။ အိမ်ပြန် ရောက်တဲ့အခါ ဖိနပ်ကို ဆပ်ပြာနဲ့ သေသေချာချာ ဆေးပြီး ပြတ်သွားတဲ့ သဲကြိုး တစ်ဖက် နေရာမှာ ပလပ်စတစ် ကောက်လို့ ရတဲ့ ငွေနဲ့ ဈေးထဲမှာ သဲကြိုးအသစ် သွား ဝယ်ပြီး တပ်လိုက်တဲ့ အခါမှာ စီးလို့ ရတဲ့ ဖိနပ် အကောင်း တစ်ရံ ရတဲ့ အတွက် ဘုရားသခင်ရဲ့ ကျေးဇူးတော် ကို ချီးမွမ်းပါတယ်”



*အခန်း(၄)* ကျီးဖြူရဲ့ သက်သေခံချက် ပြီးသွား တဲ့အခါမှာ အခန်းထဲမှာ ရှိနေတဲ့ ကလေးတွေ ဘာသံမှ မထွက်ဘဲ ငြိမ်သက်စွာ ရှိနေကြပါတယ်။ ကျီးဖြူ ပြီးခဲ့တဲ့ အပါတ်က စီးစရာ ဖိနပ် မရှိလို့ ဘုရားသခင်ဆီမှာ သူ ဆုတောင်း ခံခဲ့ဖူးတာကို ကျွန်တော် ပြန် အမှတ်ရ မိခဲ့ပါတယ်။ ကျွန်တော် ဆန်းဒေးစကူးလ် သင်ခဲ့တဲ့ သက်တမ်း တစ်လျှောက်မှာ ပထမဦးဆုံး ဆုတောင်းချက် အဖြေရလို့ သက်သေ ခံခဲ့တဲ့ ကလေးဟာ အသက် ၁၂နှစ် အရွယ် ပလပ်စတစ် ကောက်တဲ့ ကျီးဖြူ လေးပါဘဲ။ နှစ်လရက်တွေ ကြာသွားခဲ့ပေမဲ့ သူ့ကို ကျွန်တော် မေ့လို့ မရခဲ့ပါဘူး။

နောက်နှစ်ပါတ်လောက် ကြာတဲ့အခါမှာ ဆန်းဒေးစကူးလ် သင်ပြီးလို့ အိမ်ပြန်လာတော့ ကလေးတစ်သိုက် ကျွန်တော်တို့ကို ကားဂိတ် အထိ လိုက်ပို့ကြပါတယ်။ ဆောင်းတွင်းဖြစ်လို့ မနက်ပိုင်း အအေးပို နေတဲ့ အတွက် အားလုံး အနွေးထည် ကိုယ်စီနဲ့ပေါ့။ ကလေးတွေ အားလုံးရဲ့ အလယ်မှာ အနွေးထည် မပါဘဲ ချမ်းလို့ ခပ်ကုပ်ကုပ် ဖြစ်နေတဲ့ ကလေး တစ်ယောက် ရှိပါတယ်။ သူကတော့ ကျီးဖြူ ဘဲ ဖြစ်ပါတယ်။

အဲဒီ အချိန်တုံးက ကျွန်တော်ဟာ ဂျင်းအနွေးထည် အင်္ကျီ အရမ်း လိုချင် နေတဲ့ကာလ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရန်ကုန်မြို့ပေါ်မှာ လူငယ် တော်တော် များများဟာ ဂျင်းအနွေးထည် အင်္ကျီ တွေကို စတိုင် တစ်ခုအနေနဲ့ ဝတ်ကြတဲ့ ကာလဖြစ်လို့ ဂျင်းအနွေးထည် လိုချင်နေပါတယ်။ လောလောဆယ်တော့ ဖလန်ထည်သားနဲ့ ချုပ်ထားတဲ့ အနွေးထည် တစ်ထည် ကျွန်တော့်ဆီမှာ ရှိနေပါတယ်။ ကျွန်တော့်ဆီမှာ ရှိနေတဲ့ အဲဒီ အနွေးထည်ကို ချွတ်ပြီး ကျီးဖြူကို ပေးလိုက်ပါတယ်။ ဝမ်းသာတဲ့ မျက်ဝန်းတွေနဲ့ ကျီးဖြူ ကျွန်တော့်ကို စိုက်ကြည့်နေခဲ့ပါတယ်။

*အခန်း(၅)* နောက်တစ်ပါတ်လောက်ကြာတော့ ကျီးဖြူဆီမှာ အနွေးထည်ရော ဖိနပ်ပါ မရှိတော့တာကို သတိထားမိလိုက်ပါတယ်။ “မင်း ကောက်လာတဲ့ ဖိနပ်နဲ့ ငါပေးထားတဲ့ အနွေးထည်တွေ ဘယ်ရောက်သွားပြီလဲ” လို့ဒေါသနဲ့ မေးလိုက်တဲ့အခါမှာ ကျီးဖြူက ဖိနပ်ကတော့ ကျောင်းသွားရင် စီးစရာ မရှိတဲ့ သူ့ညီကို ပေးလိုက်ရကြောင်း။ အနွေးထည်ကိုတော့ မြို့ထဲမှာ အလုပ် သွားလုပ် (လက်ဖက်ရည်ဆိုင် စားပွဲထိုး)တဲ့ လူပျိုပေါက်အရွယ် အစ်ကိုက ရှိုးထုတ် ချင်တယ် ဆိုလို့ ပေးလိုက်ရကြောင်း၊ သူက ကျောင်းလဲ မနေ၊ အလုပ်လဲ လူကြားထဲမှာ လုပ်ရတာမဟုတ် တဲ့အတွက် (ပလပ်စတစ် ကောက်နေတဲ့အတွက်) ထွေထွေထူးထူး ဝတ်မရာ မလိုလို့ တကယ် လိုအပ်နေတဲ့ သူတွေကို ပေးလိုက်ကြောင်း ရှင်းပြပါတယ်။

ထွက်နေတဲ့ ကျွန်တော့်ရဲ့ ဒေါသတွေ ကြက်ပျောက် ငှက်ပျောက် ပျောက် သွားသလို ညီအစ်ကိုတွေကို ဦးစားပေးတတ်တဲ့ ကျီးဖြူအပေါ်မှာလဲ ကရုဏာ သက်မိပါတယ်။

*နိဂုံး* “ပြူတင်းပေါက်နားမှာ ထိုင်နေတဲ့ အစ်ကိုကြီး ကျေးဇူးပြုပြီး ပြူတင်းပေါက်လေး ပိတ်ပေးပါ။ မိုးရေတွေ ပက်နေပါတယ်” ဆိုတဲ့ ကား စပါယ်ယာရဲ့ စကားသံနဲ့အတူ ဘေးနားမှာ ထိုင်နေတဲ့ အစ်မကြီးက “ဟဲ့ နင့်ကို ပြောနေတာလေ၊ ဘာ ကြောင်တောင်တောင် လုပ်နေတာလဲ မျက်စိ ဖွင့်ပြီး ငုတ်တုတ် အိပ်ပျော်နေတာလား မသိဘူး။ ဒီမှာ မိုးရေတွေ စိုကုန်ပြီ” လို့ အော်ကျယ် အော်ကျယ် လှမ်းပြောလိုက်တော့ ကားထဲက လူတွေ အားလုံး က ကျွန်တော့်ကို ဝိုင်းကြည့်ကြပါတယ်။ အဲဒီတော့မှ ကျွန်တော်လဲ သတိ ပြန်ဝင်လာပြီး ဘေးနားက ကားပြူတင်းတံခါးကို ဆွဲတင်ပြီး ပိတ် လိုက်ပါတယ်။

အဖြစ်အပျက်တွေကတော့ ကြာခဲ့ပါပြီ။ အဲဒီလို ကြာခဲ့ပြီ ဖြစ်တဲ့ အတွက် ကျီးဖြူတို့ ကလေးတစ်သိုက်လဲ အခုလောက်ဆို လူပျို၊ လူလတ်ပိုင်း အရွယ်တွေ ဖြစ်နေကြပါပြီ။ သူတို့ ဘာတွေ လုပ်ကိုင်လို့၊ ဘယ်လို နေထိုင် စားသောက်ကြသလဲဆိုတာ ကျွန်တော် မခန့်မှန်းရဲပါ “ကျမ်းစာ သင်ပေးတဲ့ ဆရာတွေရဲ့ သွန်သင်တဲ့ စကားအရ သူများဥစ္စာ မခိုးရလို့ သင် ပေးတာကို မှတ်မိလို့–” လို့ဆိုတဲ့ သူ သက်သေခံတုံးက ပြောခဲ့တဲ့ စကား အတိုင်း သမ္မာတရားနဲ့အညီ အသက်ရှင်နိုင်ပါစေလို့ ကျွန်တော် တောင်းဆု ပြုလိုက်ပါတယ်။ အခုဆိုရင် ကျွန်တော့် အိပ်ကပ်ထဲမှာ ကျီးဖြူ လိုနေတဲ့ ဖိနပ်ရော အနွေးထည် အင်္ကျီ ကောင်းကောင်းကိုပါ ဝယ်ပေးနိုင်ဖို့ လုံလောက်ရုံမက ပိုလျှံတဲ့ ငွေကြေးပမာဏ ရှိနေခဲ့ပါပြီ။ ဒါပေမဲ့ ကျီးဖြူ ဘယ်ဆီ ရောက်နေမှန်း ကျွန်တော် မသိပါ။

မော်တော်ကား ပေါ်ကနေ အပြင်ကို လှမ်းကြည့်နေတုံးမှာ အဝေးက ကလေးငယ်တစ်ဦး ကျွန်တော့်ကို လက်လှမ်းပြနေတာ တွေ့လိုက် ရတာမို့ လက်ပြန်ပြလိုက်မိပါတယ်။ ကျီးဖြူနဲ့ ခပ်ဆင်ဆင်တူနေတာမို့ ကျီးဖြူ လက်ပြတယ်ထင်ပြီး ကျွန်တော် လက်ပြန်ပြလိုက်မိပါတယ်။ ကလေးငယ်က လက်သာ ထောင်ပြနေပေမဲ့ မလှုပ်မယှက် ငြိမ်နေပါတယ်။ သေသေချာချာ ကြည့်မိမှ ကျီးဖြူ မဟုတ်။ တကယ့်လူလဲ မဟုတ်ဘဲ။ စတိုးဆိုင်ထဲက အင်္ကျီ အဝတ်အစား ကြော်ငြာတဲ့ ကလေးပုံစံ အရုပ်ကြီး ဖြစ်နေတာကို တွေ့လိုက်ရပါတယ်။

ကျွန်တော့်ရဲ့ မျက်နှာပေါ်မှာတော့ ပြူတင်းပေါက်က ပက်စင်လာတဲ့ မိုးစက်တွေနဲ့ ရွှဲရွှဲစိုလို့ နေပါတယ်။ အေးစက်တဲ့ မိုးစက်တွေ ကြားထဲမှာ ပူနွေးတဲ့ အရည်ကြည် နှစ်စက် ပါးပြင်ပေါ် လိမ့်ဆင်း ကျလာတာကို သတိထားလိုက်မိပါတယ်။ အဲဒါကတော့ မိုးစက်ရည်တွေ မဟုတ်ဘဲ မျက်ရည်တွေဘဲ ဖြစ်ပါတယ်။ အဲဒီ မျက်ရည်တွေဟာ အရင်တုံးက တွေ့ဆုံဖူးတဲ့ ကလေးငယ်လေးတွေကို သတိရပြီး ကျလာတဲ့ မျက်ရည် ဖြစ်နေတယ်ဆိုတာ ကိုယ့်ကိုယ်ကို သေသေချာချာ သိနေပါတယ်။ ။

**မင်းအောင်သက်လွင်**

---

## အဆင်ပြေတဲ့လမ်း



ချည်တစ်ခင်ကို မငင်မဝင့် ခဲ့ပေမဲ့
အမြင်ဆန်းတဲ့ ရောင်စုံနန်းက
တောနှင်းပန်းဟာ သင့်ရဲ့ရှေ့မှာ ဥပမာ–
စပါးတစ်ဆုပ်အတွက်
‘အား’ မထုတ်ခဲ့ပေမဲ့
စိုးရိမ်စိတ်မဲ့ မိုးတိမ်ထိပ်က
စာငှက်လေးဟာ သင့်ရဲ့ရှေ့မှာ ဥပမာ–
‘ဥပမာ’ တွေမှာ အတုယူ ဖွေရှာခဲ့ရင်
သင် မမြင်နိုင်တဲ့ အနာဂတ် ခရီးဟာ
သင်ထင်တာထက် လွယ်ကူမဲ့ လမ်း ဖြစ်တာကြောင့်
သခင်ယေရှုနဲ့အတူ လျှောက်သွားတဲ့ ခရီးဟာ
အဆင်ပြေမှုတွေ ခြုံလွှမ်းမဲ့ ခရီးပါ။ ။

**မင်းအောင်သက်လွင်**

---

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။
( နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )

Min Aung Thet Lwin , Blk 76A #30-02
Red Hill Road, Singapore 151076
E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))

((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))

မင်း အောင် သက် လွင် မှ စဉ် ထုတ် ဝေ သည်